


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# သားသမီးပစ္စည်းခင်တာသည် ငါးစာတွေ မျိုနေကြတာ

(၁၅၄)

ငါးမျှားချိတ်ဥပမာ

ဟောကြားသည့်နေ့

၈-၉-၅၅

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# သားသမီးပစ္စည်းခင်တာသည် ငါးစာတွေမျိုနေကြတာ

ဟောကြားသောနေ့

(၈-၉-၁၉၅၅)

စာမူခွင့်ပြုချက် အမှတ်    -  ၄၈၆/၂၀၀၁ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -  ၄၉၃/၂၀၀၁ (၈)

အကြိမ်    -  ပထမအကြိမ်
အုပ်ရေ    -  ၃၀၀၀
ခုနှစ်    -  ၂၀၀၁ ခုနှစ်၊ စက်တဘ်ာလ
တန်ဖိုး    -  ( ၅၀/- )

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

## သားသမီးပစ္စည်းခင်တာသည်
## ငါးစာတွေ မျိုနေကြတာ

(ငါးမျှားချိတ်ဥပမာ)

ဟောကြားသည့်နေ့ (၈-၉-၅၅)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောတော်မူတယ် . . (မှန်ပါ့)။

ဒကာဒကာမတွေဟာ မျက်လုံးထဲမှာ မြင်ရတာဟာ၊ သူ့နာမည်ပေးရတာ သနားစရာ အင်မတန်ကောင်းတယ်တဲ့၊ သနားစရာ အင်မတန်ကောင်းတယ်တဲ့ . . . (မှန်ပါ့)။

## သေမင်းဆိုတဲ့မရဏာဓာတ်

သေမင်းဆိုတဲ့ မရဏာဓာတ်၊သေမင်းဆိုတဲ့ မရဏာဓာတ်ကြီးကရှိတယ်၊ အဲ့ဒီ မရဏာဓာတ် သေမင်းကလည်း သတ္တဝါတွေ သေရာသကြောင်း ကြံစည်ထားတာရှိတယ်။

သေရာ သကြောင်း ကြံစည်းထားတာက ဘာတုံးဆိုလို့ရှိရင်ဖြင့် အဆင်းကလေးကို ပြပြီးသကာလ ဒကာ ဒကာမတွေ ဒီအဆင်းလေးချစ်အောင် ခင်အောင် သူလုပ်တယ်။

ဒီအဆင်းလေး ချစ်အောင် ခင့်အောင် သူလုပ်ပြီးမှဖြင့် ဒီအဆင်းနားက ဒီဒကာ ဒကာမတွေသည် မသွားနိုင်ပါဘူး. . (မှန်လှပါဘုရား)။

မသွားနိုင်တဲ့အခါ မရဏာဓာတ်ဆိုတဲ့ သေမင်းက သတ္တဝါတွေဟူသ၍ကို သူ့လက်အောက်က အကုန်အသတ်အဖြတ်ခံဖို့ရာ အလိုရှိနေတဲ့ သေမင်းသည် သတ္တဝါတွေကို အထူးတလည် ရှာမနေရဘူး။

သားတည်းဟူသော ရုပ်ပါရုံအဆင်း၊ အသံ အဲ့ဒါလေးတွေ ခင်တွယ်နေတဲ့ အမေမိဘတည်းဟူသော ပုဂ္ဂိုလ်တွေဟာ သားသမီးတည်းဟူသော အသံ၊ အဆင်း၊ အပြောအဆို၊ ပုံသဏ္ဌာန်၊ ဟန်ပန် ဒါတွေနှစ်သက်ပြီး သားတည်းဟူသော အစာကို မျိုသိပ်ကာ၊ စားကာနဲ့ပဲ ဒီနားကိုပဲ တဝဲလည်လည် တရစ်ပတ်ပတ်နဲ့နေတော့တယ်. . . (မှန်လှပါဘုရား)။

ထိုကဲ့သို့ ရှိတဲ့အခါကျတော့ မရဏဓာတ်ကြီးက သတ္တဝါတွေ ဘယ်လိုက်ရှာရပ့ါမတုံး ဆိုတာ ရှာဖို့မလိုတော့ဘူး (မလိုတော့ပါဘူးဘုရား)။

ဒီနားတင် သူတို့ဆွဲပြီးသကာလ သတ်ဖို့ပဲဖြတ်ဖို့ပဲတဲ့ မရဏဓာတ်က . . . (မှန်ပါ့)။

## ဒကာ ဒကာမတွေက မိုက်ပါဘိနဲ့

အဲ့ဒါကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်း မရဏမင်းကလည်း အကြံအဖန်ကောင်းပါပေ့ပေါ့၊ ဒီ ဒကာ ဒကာမတွေကလည်း မိုက်ပါပေ့ကွာ၊ ဒီအဆင်းတည်းဟူသော တရားနဲ့ ထောင်ထားတဲ့ဥစ္စာကို သူတို့က မျိုကြတယ်၊ စားကြ တယ်ဆိုတော့၊ ဘယ်မှာသာလျှင် မရဏမင်းလိုတဲ့အချိန် ဆွဲ သတ်ပြီး သကာလ အပါယ်ဆိုတဲ့အရပ်သို့ ပို့ရုံပဲ (မှန်ပါ့)။

## ဘုရားကမြင်လို့ဟောခဲ့တာ

သူတို့ကလည်း မိုက်ပါဘိနဲ့ ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မြင်တော်မူတယ် . . . (မှန်လှပါ ဘုရား)။

အဲ့ဒါကြောင့် သံယုတ်ပါဠိတော်မှာ ဟောတော်မူတယ်၊ သေယျထာပိဘိက္ခဝေဗာဠိသိကောအာမိသဂတံဗဠိသံ ဂမ္ဘီရေ ဥဒကဒရဟာဒေပက္ခိပေယျ။

## ငါးဥပမာပြပေါ့တယ်

ဘာတုံးဆိုလို့ရှိရင် ငါးဥပမာပြမယ်ကွာတဲ့၊ ဘိက္ခဝေ= ရဟန်းတို့၊ သေယျထာပိ = ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား၊ ဗာဠိသိကော = ငါးကိုမျှားလေ့ရှိသော ပုဂ္ဂိုလ်သည်၊ အာမိသဂတံ= အစာနှင့်တကွသော၊ ဗဠိသံ = ငါးမျှားချိတ်ကို၊ ဂမ္ဘီရေ = နက်သော၊ ဥဒကဒရဟဒေ = ရေအိုင်၌၊ ပက္ခိပေယျ = ချထားရာ၏၊ တမေနံ = ထိုငါးမျှားချိတ်ကို၊ အညတရော = တစ်ကောင်သော၊ အာမိသစက္ခု = အစာကိုမြင်သော၊ မစ္ဆော= ငါးသည်၊ ဂိဠေယျ = မျိုရာ၏၊ ဘိက္ခဝေ = ရဟန်းတို့၊ ဂိလဗဠိ သော = ငါးမျှားချိတ်ကို မျိုမိသော၊ သောမစ္ဆော = ထိုငါးသည်၊ ဗျသနံ = သေမင်း၏နိုင်ငံသို့၊ အာပန္နော = ရောက်တော့၏။

ငါးဥပမာနဲ့ ပြပေါ့လိုက်တယ် . . . (မှန်လှပါ) သံယုတ်ပါဠိတော်၊ သံယုတ်ပါဠိတော်။

## ကိုယ့်သား၊ ကိုယ့်သမီးဟာအဆင်း

အဲတော့ ဒကာ ဒကာမတို့ စဉ်းစားပါတဲ့၊ ခင်ဗျားတို့မှာ တဲ့ အဆင်းရှိတဲ့ ဥစ္စာ ကိုယ့်သားလေး၊ ကိုယ့်သမီးလေး အဆင်းပေါ့ဗျာ. . . (မှန်လှပါဘုရား) ရုပ်အဆင်း. . . (မှန်လှပါ)။

အဲဒီကဲ့သို့ အဆင်းတည်းဟူသော တရားတွေဟာ ငါးမျှားချိတ်မှာ ငါးစာတပ်ထားတဲ့ ငါးမျှားချိတ်မှာပါတဲ့ ငါးစာနဲ့ တူပါတယ်. . . (မှန်ပါ့)။

အဲဒီ ငါးစာကို ဒကာ ဒကာမတွေ တည်းဟူသော ငါးတွေသည် မြင်ပြီဆိုမှဖြင့်တဲ့ တစ်ခါတည်း မျိုမိကြတယ်၊ စားမိကြတယ် ဆိုတော့ ခင်မိကြတာပေါ့ဗျာ . . . (မှန်လှပါဘုရား)။

ခင်မိကြတယ်၊ ကြင်မိကြတယ် ဆိုပြီးသကာလ တစ်ခါတည်း မိမိတို့သည် မခွဲနိုင် မခွာရက် ဖြစ်ကြတယ်. . . (မှန်လှပါဘုရား)။

## အဆင်းသည်ငါးစာ

အဲတော့ မရဏမင်းဆိုတဲ့ ပုဂ္ဂိုလ်က ဒီရူပါရုံ အဆင်းကို အဆင်းတည်းဟူသော ငါးစာတပ်ပြီးသကာလ ဒီအထဲချထားတာ. . . (မှန်လှပါဘုရား)။

ဒီအထဲချထားတဲ့အခါကျတော့ ဒီငါးသည် မျိုမိတဲ့အခါကျတော့ ဒီတိုင်နဲ့ ဒီငါးမျှားကြိုးအပြင် ပိုမိုပြီးသကာလ သူဘေးသွားနိုင်သေးလား . . . (မသွားနိုင်ပါဘူးဘုရား)။

မျိုမိပေါ့ကိုးဗျ. . . (မှန်လှပါ) မျိုမိတဲ့အခါကျတော့ ဒကာ ဒကာမတွေ မသွားနိုင်တော့ဘူး. . . (မှန်လှပါဘုရား)။

မသွားနိုင်တဲ့အခါကျတော့၊ တံငါသည်နဲ့တူတဲ့ မရဏမင်းသည် (ဝါ) သေမင်းသည်၊ ဘယ်အချိန်မဆို ဒီငါးကို အလိုရှိတဲ့အချိန် ရမယ်ဆိုတာ ဆုံးဖြတ်ချက်ချသွားတယ်. . . (မှန်လှပါ ဘုရား)။

ထိုကဲ့သို့ ဆုံးဖြတ်ချက်ချသွားတော့၊ ဒီငါးကို အလိုရှိတဲ့ အချိန်ကျလို့ရှိရင်၊ ဒီကြိုးအတိုင်းလိုက်ပြီး ဆွဲလိုက်တယ်ဆိုလို့ ရှိရင်ဖြင့် ဘယ်အချိန်မဆို ဒီငါးဟာ တန်းလန်းကြီးပါလာတယ် (ပါလာပါတယ်ဘုရား)။

အဲတော့ကို ဈေးဆီ ဘာဆီ ရောက်လာမှ သူ့ဝယ်သူကို ရောင်းကောင်းအောင်ဆိုပြီး ဈေးကျမှ သတ်မှာ (မှန်လှပါဘုရား)။ ဟုတ်ဘူးလား. . . (မှန်လှပါဘုရား)။

## မရဏာမင်းဆိုတဲ့တံငါသည်

အဲဒီကဲ့သို့ မရဏာမင်းဆိုတဲ့ တံငါသည်၏ လက်တွင်းမှာ၊ ၎င်းငါးသည်ကားလို့ဆိုရင် အလိုရှိသောအချိန်၌၊ အသက်အပ်နှင်းရတယ်လို့ ဆိုလို့ရှိရင်၊ အမှန်ပဲဆုံးဖြတ်ချက်ချရမှာပဲ (မှန်လှပါဘုရား)။

ထို့အတူပဲတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း ဥပမာမယ် ခင်ပွန်းမကို ခင်မိတယ်. . . (မှန်လှပါ)။

ခင်ပွန်းမကို ခင်မိတယ်၊ ယောကျ်ားဘက်ကနေတွေးပါတော့ (မှန်လှပါ) ခင်ပွန်းမကိုခင်မိတယ်ဆိုလို့ရှိရင် ခင်ပွန်းမရုပါရုံ၊ အဆင်းရူပါရုံကြီး ငါးစာတပ်ထားတဲ့ ငါးမျှားချိတ်ပါပဲ (မှန်လှပါဘုရား)။

အဲတော့ ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်သည် ဒီခင်ပွန်းမကို ခင်မိ၊ မင်မိ၊ ကြင်နာမိတဲ့အတွက် (ဝါ) မျိုမိ၊ စားမိတဲ့အတွက်

ဒီအနားမှတစ်ပါး ဘယ်ကိုပဲသွားသွား ဒီနားတော့ ရှာရင်တွေ့တဲ့အချိန်များတယ်. . . (များပါတယ်ဘုရား)။

ဟုတ်ဖူးလား . . . (မှန်လှပါ) ဒီအနား မပြန်ပါပဲနဲ့ နေသေးရဲ့လား . . . (မနေပါဘူးဘုရား)။

## တစ်ယောက်ကိုတစ်ယောက်ခင်တယ်ဆိုတာ

အဲ့ဒါကြောင့် ဒကာ ဒကာမတွေ စဉ်းစားကြ၊ ဒြော်ဒို့တစ်ယောက် တစ်ယောက် ခင်တယ်ဆိုတာ ငါးစာမျိုမိတဲ့ ငါးဥပမာပါလား. . . (မှန်ပါ့)။

ဒီနေရာကနေ ဘယ်နေရာမှ မပြေးနိုင်တော့ဘူး. . . (မှန်ပါ့) သေမင်းလာရှာလို့ရှိရင်ဖြင့် ဒို့ပုန်းစရာ လျှိုစရာရယ်လို့ ငါတို့နေရာမရှိဘူး. . . (မရှိပါဘုရား)။

သူထောင်ထားတဲ့ငါးစာ ဒို့က မျိုမိရက်ကြဲပြီ. . . သူက အဆင်းနဲ့ထောင်ထားတာ. . . (မှန်လှပါ)။

အဆင်းနဲ့ ထောင်ထားတော့ ဒကာ ဒကာမတွေက လည်း ဒီအဆင်းလေး ခင်မိပြီ၊ မျိုမိပြီဆိုကြစို့. . . (မှန်ပါ့)။

အဲတော့ သေမင်းကလိုက်ရှာတဲ့အခါကျတော့ တော်တော် အရှာခက်နေလား၊ သူထောင်ထားတဲ့နေရာ သူသွားရုံပဲ လား. . . (သူထောင်ထားတဲ့နေရာ သူသွားရုံပါဘုရား)။

အေး. . သူထောင်ထားတဲ့နေရာ သူသွားပြီးသကာလ ခုနက အဆင်းမျိုထားတဲ့၊ ဟုတ်လား. . . အဆင်းမျိုထားတဲ့

ငါးယောက်ျားတွေသည်ကား ဆိုလို့ရှိရင်ဖြင့်၊ ဒီကြိုးအတိုင်း လိုက်ပြီးသကာလ ဖမ်းလိုက်လို့ရှိရင်ဖြင့်၊ ဒီငါးသည် ဘယ်မှာ ပြေးလွှားစရာ အချက်ရှိသေးတုံး. . . (မရှိပါဘူးဘုရား)။

သူပြေးနိုင်တာ ဒီတိုင်ကိုလှည့်ပတ်ပြီး ပြေးတော့မှာပေါ့ (မှန်လှပါဘုရား) ဒီပြင် ဘယ်ပြေးမတုံး. . . (ဘယ်မှ မပြေး နိုင်ပါဘုရား)။

ဘယ်မှ မပြေးနိုင်ဘူး၊ ဘယ်မှ မပြေးနိုင်ဘူး၊ အဲတော့ မရဏမင်းသည် သိပ်အရှာခက်ပြီးသကာလ သိပ်အဖမ်းရခက် ပြီးသကာလ သတ်ဖို့ရာ အလုပ်ကို အင်မတန် ခဲခဲယဉ်းယဉ်းရှာ ရမယ့် အခြေအနေမရောက်ဘူး. . . (မရောက်ပါဘူးဘုရား)။

အလိုရှိတဲ့အချိန်ဖမ်းကာ သတ်ကာနဲ့ပဲ သူအလိုရှိသလို စီမံဖို့ရာသည် အချိန်မရွေးပြည့်စုံနိုင်တယ်လို့ဆိုလို့ရှိရင် လွဲသ လား . . . (မလွဲပါဘူးဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတွေ၊ ခင်ဗျားတို့ သေမင်းဆို တဲ့ မရဏဓာတ်က ထောင်ထားလိုက်တာကဖြင့်၊ အဆင်းရူပါရုံ နဲ့ ထောင်ထားတော့၊ ခင်ဗျားတို့ ကိုယ့်ခင်ပွန်းရှိတဲ့အိမ် ဒီငါး ဘယ်မှသွားမရှာနဲ့၊ ဒီအနားမှာပဲ တဝဲလည်လည် တရစ် ပတ်ပတ်နဲ့ မနေဘူးလား. . . (နေပါတယ်ဘုရား)။

သား၊ သမီးဟူသော အဆင်းရူပါရုံ ငါးစာလေးတွေရှိတဲ့ နေရာ၊ အမေ မိဘတွေ သွားရှာပြီး၊ မရဏမင်းက သတ်ချင်ပါ တယ်ဆိုရင်ကော မလွယ်ဘူးလား. . . (လွယ်ပါတယ်ဘုရား)။

သူကသားသမီး ဟူသော အဆင်းနဲ့ ငါးမျှားချိတ်တပ်ပြီး သကာလ ထောင်ထားတာကိုးဗျ . . . (မှန်လှပါဘုရား)။

ထောင်ထားတဲ့ ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် မရဏမင်းက လျှောက်ရှာတဲ့အခါကျလို့ရှိရင်ဖြင့် သိပ်ပြီး အနှံ့အပြား ရှာရမှာလား၊ ဒီကြိုးနဲ့ ဒီနေရာပဲ ရှာရမှာ လား. . . (ဒီကြိုးနဲ့ ဒီနေရာပဲရှာရမှာပါဘုရား)။

## သား၊ သမီးပစ္စည်းခင်တာ၊ ငါးစာမျိုတာ

အဲဒါကြောင့် ခင်ဗျားတို့ သားခင်၊ သမီးခင်၊ ပစ္စည်းခင် အဲ့ဒါတွေ ငါးစာတွေ မျိုနေကြတာတဲ့ ဒကာ ဒကာမတို့ ဘုရား က . . . (မှန်ပါ့)။

**"သေယျထာပိ ဘိက္ခဝေ ဗာဠိသိကော အာမိသဂတံ အာမိသစက္ခုမစ္ဆော ဂိလေယျ . . သော အနယဗျသနံ အာပန္နော"**

## ဘုရားကဟောခဲ့တယ်

ဘိက္ခဝေ = ရဟန်းတို့၊ သေယျထာပိ = ဥပမာဘယ် ကဲ့သို့နည်းဟူမူကား၊ ဗာဠိသိကော= ငါးမျှားတတ်သောသူသည်၊ ဗဠိသံ = ငါးမျှားချိတ်ကို၊ ဂမ္ဘီရေ = နက်သော၊ ဥဒကဒရဟဒေ= ရေအိုင်၌၊ ပက္ခိပေယျ = ချထားရာ၏။

ရူပါရုံလေးတပ်ပြီးချထားလိုက်တယ် (မှန်လှပါဘုရား)။ အဆင်းလေးတပ်ပြီး ချထားလိုက်တယ်. . . (မှန်ပါ့)။

အဲဒီကဲ့သို့ ချထားတဲ့ တမေန် = အဆင်းတည်းဟူသော ရူပါရုံ ငါးစာကို၊ အာမိသစက္ခုမဿော = အားလုံးသည် အဆင်းကို နှစ်သက်တဲ့ ငါးနဲ့တူတဲ့ ဒကာ ဒကာမတွေသည်တဲ့၊ ဂိလေယျ= မျိုရာ၏၊ (ဝါ) ခင်ရာ၏ပေါ့ဗျာ . . . (မှန်လှပါဘုရား)။

မာရဿ = မရဏမင်း၏၊ တံဝသံ = ထိုနိုင်ငံသို့ အနယ ဗျသနံ = ပျက်စီးခြင်းသို့၊ ပါပုဏေယျ = ရောက်ရာ၏၊ သေမင်းစီမံဖို့တစ်ခါတည်းဖြစ်လာတာပဲ . . . (မှန်ပါ့) မျိုမိကြ ပြီ . . . (မှန်လှပါဘုရား)။

အဲတော့ ဒကာ ဒကာမတို့ ခင်ဗျားတို့၏ ဖြစ်စဉ်ကို ပြောရတော့မယ်ဆိုလို့ရှိရင်ဖြင့် ဘယ်နေရာမှာ သေမင်း လိုက်ရှာဖို့ရာ ခဲယဉ်းသေးရဲ့လားလို့ မေးလို့ရှိရင် သူထောင်ထား တဲ့နေရာ သွားရှာမှာပေါ့ဗျ. . . (မှန်လှပါဘုရား)။

## အာခေါင်ချိတ်ရက်ကြီး

သူထောင်ထားတဲ့နေရာ သွားရှာတော့ ခင်ဗျားတို့ တန်းလန်းကြီး အာခေါင်ချိတ်ရက်ကြီးဆိုသလို မိနေတာ. . . (မိနေပါတယ်ဘုရား)။

မိနေတဲ့အခါကျတော့ လိုချင်တဲ့အချိန်မှာ ကဲ ဒီငါးက သတ်ချိန်ရောက်ပြီ၊ ဒီ ပုဂ္ဂိုလ် သတ်ချိန်ရောက်ပြီဆိုတော့ တခြားလျှောက်ရှာမနေရတော့ဘူး. . . (မှန်လှပါဘုရား)။

အလိုရှိတဲ့အချိန် ခင်ဗျားတို့ တိုက်၊ ခင်ဗျားတို့အိမ်၊ ခင်ဗျားတို့ သားသမီး၊ ခြေရင်းသွားရှာလိုက်တော့ အဆင်သင့် တွေ့တာပေါ့ ဒီငါးခြေရာ . . . (မှန်ပါဘုရား)။

မတွေ့ပဲ ရှိသေးလား. . . (မရှိပါဘူးဘုရား)၊ အဲဒီလို ခင်ဗျားတို့ ယခုအိမ်မှာနေလာတာသည် ဘာများလုပ်နေကြတုံး ဆိုတော့ မျှိမိလို့ ဘယ်မှ မသွားနိုင်တော့ဘူး. . . (မှန်လှပါ ဘုရား)။

သားတည်းဟူသော ခင်မှုကို မျှိမိလို့၊ အဆင်းတည်းဟူ သော ငါးစာကို မျှိမိလို့ . . . (မှန်လှပါဘုရား)။

သမီးတည်းဟူသော အဆင်း ရူပါရုံကို ခင်မိ၊ ကြင်မိ၊ မျှိမိလို့၊ ဒီအဆင်းတည်းဟူသော ဖောဋ္ဌဗ္ဗအာရုံဆိုတဲ့ တရားတွေကို ခင်မိ၊ မင်မိ၊ မျှိမိလို့ ဘယ်နေရာသွားရှာရှာ ခင်ဗျားတို့သည် ဒီနေရာမှတစ်ပါး ဘယ်မှ သွားရှာနေဖို့ မလို တော့ဘူး . . . (မှန်လှပါဘုရား)။

ဒီနေရာပဲ ရှာပြီး ဒီနေရာကနေပြီး မရဏမင်းက လိုက်သတ်တာ . . . (မှန်လှပါဘုရား)။

## ငါးစာသည် ရန်သူအကြီးဆုံး

အဲတော့ ဒကာ ဒကာမတို့ ခင်ဗျားတို့သည် အဆင်းတည်းဟူသော ငါးစာသည် ခင်ဗျားတို့၏ ရန်သူ အကြီးဆုံး . . . (မှန်လှပါဘုရား)။

သို့သော် ငါးစာ သူ့ဟာသူနေတာ ခင်ဗျားတို့က မျိုတယ် (မှန်လှပါဘုရား)။

မျိုတဲ့ ပုဂ္ဂိုလ်ဟာမဆိုးဘူးလား. . (ဆိုးပါတယ်ဘုရား) အဲ့ဒါကြောင့် ယနေ့ ဟောမယ့်တရားသည် ဒကာ ဒကာမတို့ မျိုတာသည် ဘာတုံးလို့မေးတဲ့အခါကျတော့ သုခဝေဒနာ . . . (မှန်လှပါဘုရား)။

ချမ်းသာချင်သကိုး . . . (မှန်ပါ့) ရချင်သကိုး. . . (မှန်လှပါ) စားချင်သကိုး. . . (မှန်လှပါဘုရား)။

ကောင်းတာကြိုက်သကိုး . . . (မှန်လှပါ) ကောင်းတာကြိုက်တာ ဘာဝေဒနာတုံး . . . (သုခဝေဒနာပါဘုရား)။

အဲ . . . သုခဝေဒနာနဲ့ မျိုလိုက်တယ်. . . (မှန်လှပါဘုရား)။ သုခဝေဒနာနဲ့ တဏှာပေါ့ဗျာ . . . (မှန်လှပါ)။

သုခ . . . တဏှာ. . . သုခ ကြိုက်တဲ့တဏှာနဲ့ မျိုလိုက်၊ အဲတော့ သုခက ချမ်းသာတာ ဟုတ်လား. . . (မှန်ပါ့) တဏှာက နှစ်သက်တာ ဟုတ်လား. . . (မှန်ပါ့)။

## ချမ်းသာခြင်း၊ နှစ်သက်တော့မျိုတယ်

နှစ်သက်တဲ့တဏှာ ချမ်းသာမယ်၊ ချမ်းသာတယ်လို့လည်းထင်၊ နှစ်လည်းနှစ်သက်. . . (မှန်ပါ့) ချမ်းသာခြင်း နှစ်သက်တော့ မျိုလိုက်တာပေါ့ဗျာ. . . (မှန်လှပါဘုရား)။

သားခင်၊ သမီးခင်၊ ပစ္စည်းခင်. . . (မှန်လှပါ) သားအသံ၊ သမီးအသံ၊ ပစ္စည်းကလေး၏ ပြောသံ ဆိုသံ အဲဒါတွေ မျိုမိပြီဆိုမှဖြင့် ဒကာ ဒကာမတို့ သုခဝေဒနာက မျိုသမား. . . (မှန်လှပါဘုရား) ဟုတ်ပြီလား. . . (မှန်ပါ့)။

သုခဝေဒနာရှိနေတဲ့ ဒကာ ဒကာမတွေဟာ ဘယ်အခါမဆို အာခေါင်ချိတ်တဲ့ ငါးစာ မျိုမိပါလိမ့်မယ် . . . (မှန်လှပါဘုရား)။

ကိုင်း - ဒကာ ဒကာမတို့ ငါးစာက ငါးဆီလာသလား၊ ငါးက သွားမျိုသလား . . . (ငါးက သွားမျိုပါတယ်ဘုရား)။

ကိုင်း - ပေါ်ပြီ၊ ပေါ်ပြီ ဒကာ ဒကာမတို့. . . (မှန်ပါ့) ငါးစာဟာ သူ့ချည်းချထားတာ မရဏာမင်းက သတ်ချင်လို့ချတာ အမှန်ပါပဲ (မှန်လှပါ)။

## ငါးကသွားမျိုတာ

သို့ရာတွင် ငါးစာက ဘယ်နည်းနဲ့မှ ငါးရှိရာသို့ ပြေးမလိုက်ဘူး. . . (မလိုက်ပါဘူးဘုရား) သူက ငြိမ်ငြိမ်ဆိမ်ဆိမ် နေတာပဲ. . . (မှန်လှပါ) ဟုတ်လား။

လေတိုက်ရင် အနည်းငယ်လှုပ်မယ်ပေါ့ဗျာ ... (မှန်လှပါဘုရား) သို့သော် လှုပ်ပေမယ့် ငါးက သွားမျိုရတာ လား၊ သူက အာခေါင်ထဲ ဝင်ချိတ်ဖို့ အတော်ခဲယဉ်းတယ် (ခဲယဉ်းပါတယ်ဘုရား)။

မခဲယဉ်းဘူးလား ... (ခဲယဉ်းပါတယ်ဘုရား) ငါမျှားချိတ်နဲ့ ငါးစာသည် ဒကာဒကာမတို့ ငါး၏အာခေါင် ထဲကို ပါးစပ်ပိတ်ထားတဲ့ ငါကိုဖြင့် ချိတ်ကို မချိတ်ဘူး ... (မချိတ်ပါဘူးဘုရား)။

အဲဒါ ခင်ဗျားတို့ကလည်းတဲ့ အကောင်းကြိုက် သုခ ဝေဒနာကလေးကလည်း ရှိနေတော့ မျိုမိကြတယ် ... (မှန်လှပါဘုရား)။

မျိုမိလာတဲ့အခါကျတော့ ဒကာဒကာမတို့ အာခေါင် ချိတ်တဲ့ ဒုက္ခဝေဒနာရတယ် ... မရသေးဘူးလား ... (ရပါတယ်ဘုရား)။

## မျိုမိတာက သုခဝေဒနာ

ဒါဖြင့် မျိုချင်တာ သုခဝေဒနာ ... (မှန်ပါ့) ဟုတ်လား ... (မှန်ပါ့) သူတို့အတွက်နဲ့ စိတ်ဆင်းရဲမှု ခင်မှု ကြင်မှု၊ ကြင်နာမှုတွေ စုပြီးသကာလ နေသောကြောင့် အင်း ခက်ပါသေး တယ်၊ ကျွေးဖို့၊ မွေးဖို့၊ လိမ္မာယဉ်ကျေးဖို့ သူတို့အတွက် စိတ်အေးရတာ တစ်ကွက်မှ မရှိဘူး ... (မှန်ပါ့)။

မျှိမိလို့ ငြီးတာ . . . (မှန်ပါ့) အဲဒါ အာခေါင်ချိတ်တာ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## နာလွန်းလို့ညည်းမိတာက

မျှိမိတာက သုခဝေဒနာ . . . (မှန်ပါ့) နာလွန်းလို့ ညည်းမိတာက . . . (ဒုက္ခဝေဒနာပါဘုရား)။

အခုတော့ ဒကာဒကာမတွေ ဘယ်အခြေအနေ ဆိုက်နေကြသတုံးလို့ ဆိုတော့၊ ခုနက သေမင်းထောင်ထားတဲ့ ငါးစာကလေးတွေကို စားလည်း ပြီးကြပါပြီ . . . (မှန်လှပါ ဘုရား)။

အာခေါင်လဲ ချိတ်နေလို့ ယခုအချိန်တော့ ညည်းလုံး ထုတ်တဲ့ အချိန်ရောက်ပါပြီ . . . (မှန်ပါ့) မရောက်သေး ဘူးလား . . . (ရောက်ပါပြီဘုရား)။

ညည်းလုံးထုတ်တဲ့အချိန် ရောက်နေပြီ ဒကာဒကာမ တို့ . . . (မှန်ပါ့) ရှေ့ ကြာလေခက်လေ ခက်ဦးမှာပဲ . . . (ခက်မှာပါဘုရား)။

ရှေ့ကြာလေခက်လေ ခက်ဦးမှာပဲဆိုတော့ ခင်ဗျားတို့ တွေးလုံးတွေက အာခေါင်ချိတ်နေတော့ ဟုတ်လား . . . (မှန်ပါ့)။

ဘယ့်နှယ့်မှလည်း မတတ်နိုင်တော့ ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ်နဲ့ ဒီ စူးရှပုံနဲ့ဟာ ရှေ့အတော်လေးတော့ ခဲယဥ်း

ပါသေးတယ်ဆိုပြီးသကာလ ညည်းလုံးချည့် ထုတ်နေတာပဲ . . . (ထုတ်ပါတယ်ဘုရား)။

အဲဒါ ဘယ်ချိတ်နေလို့တုံး . . . (အာခေါင်ချိတ်နေလို့ပါဘုရား)။ ဒကာဒကာမတို့ ဒါက ဒုက္ခဝေဒနာကြောင့် ထွက်တဲ့ ညည်းသံ . . . (မှန်လှပါဘုရား)။

## သုခနဲ့ မျိုမိလို့ ဒုက္ခတွေ့ရတယ်

သုခဝေဒနာကို သတိမထားလိုက်တဲ့အတွက် မျိုချင်တယ်၊ ခုနက ငါးစာကို မမျိုပါဘူးဆိုပြီး ငါးစာက ကိုယ့်ဆီလာတာ မဟုတ်ပဲ၊ ကိုယ်ကသွားပြီး ဟပ်မိ၊ မျိုမိတာ၊ သုခကြိုက်မိတဲ့အတွက် ဒကာဒကာမတို့ သုခနဲ့ မျိုမိတဲ့အတွက် ဒုက္ခသည် လှလှကြီး တွေ့ပါပေါ့လား . . . (မှန်လှပါဘုရား)။

မတွေ့သေးဘူးလား . . . (တွေ့ပါတယ်ဘုရား) ဒုက္ခတွေ့နေပြီ ဒကာဒကာမတို့ . . . (မှန်ပါ့)။

ဩော် ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေသည်ကားလို့ ဆိုရင်ဖြင့် ငါးစာက လာသည်မဟုတ်ဖူး . . . (မှန်လှပါ) မျိုတဲ့ငါးက မိုက်မှု . . . (မှန်လှပါဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ခင်ဗျားတို့ အိမ်ထောင်ရယ်လို့ ကျကြတယ်ဆိုတာသည် ရိုပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

ငါးစာက လာတာလား၊ ငါးက သွားမျိုတာလား . . . (ငါးကသွားမျိုတာပါဘုရား)။

## ခုတော့ ဘယ့်နှယ်နေကြတုံး

ခုတော့ ဘယ့်နှယ်နေကြတုံး . . . (အာခေါင်ချိတ်နေပါတယ်ဘုရား) အာခေါင် ချိတ်နေတဲ့အတွက် ပြေးနိုင်ကြသေးရဲ့လား . . . (မပြေးနိုင်ပါဘူးဘုရား)။

မပြေးနိုင်တော့ ဒီနေရာမှာ သေရလိမ့်မယ်လို့ ဆိုတာကော ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဒီနေရာမှာ ငါသေရလိမ့်မယ်ဆိုတာ တခြားမဟုတ်ဘူး မရဏမင်းက ဒီနေရာမှာ ဘယ်အချိန်မဆို ငါထောင်ထားတဲ့ငါးမိလည်း မိနေတယ်။

ဘယ်အချိန်မဆို ငါ ဒီနေရာမှာ သွားရှာရင် ဒီအကောင် အသေသတ်နိုင်တယ်ဆိုတော့ နေရာများ မျက်စိလည်နေစရာ မရဏမင်းမှာ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

အဲတော့ ဒကာဒကာမတို့ အင်မတန် ခက်နေပြီ . . . (မှန်လှပါဘုရား) ခင်ဗျားတို့ သုခဝေဒနာက မျှသမား . . . (မှန်လှပါ)။

ဒုက္ခဝေဒနာက တစ်ခါတည်းတဲ့ ရိုက်နှက်သမား၊ အာခေါင်ချိတ်သမား . . . (မှန်လှပါဘုရား) ဟုတ်လား . . . (မှန်ပါ)။

မရဏမင်းက သတ်သမား . . . (မှန်ပ့ါ) ကိုင်း ဒကာ ဒကာမတို့ ယနေ့ ဖြစ်စဉ်ကဖြင့် ဆိုးပါတယ် . . . (ဆိုးပါတယ်)။

အင်မတန်ဆိုးနေပြီ ဒကာဒကာမတို့ . . . (မှန်ပါ) အင်မတန် ဆိုးနေပြီ အဲဒီကဲ့သို့ စဉ်းစားလိုက်ပါဦး စဉ်းစား လိုက်ပါဦး။

ဝေဒနာသုံးမျိုး ယနေ့ ရှင်းလင်းပြီးသကာလ အပြစ်တွေ ပြပြီးမှ ဝိပဿနာရှုနည်းကို ပြောပ့ါမယ် . . . (မှန်လှပါဘုရား)။

ဒကာဒကာမတို့ ငါးစာကို ရှေးဦးစွာမြင်တာက ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့ သား၊ ဒါလေးက ခင်ပွန်း ပြုလို့ တော်မှာပဲ၊ ဒါလေး သားလေးလုပ် မွေးစားရတာ တော်မှာပဲ။

## ဥပေက္ခာက လမ်းပြတယ်

သားလေးတစ်ယောက် ဖြစ်ထွန်းကားလာမယ်ဆို သိပ်တော်မှာပဲ အစရှိသည်နဲ့ လူတစ်ယောက်နဲ့တစ်ယောက် အိမ်ထောင်မကျမီ မခင်မီ မြင်မှု ဥပေက္ခာက ရှေ့သွားကိုး . . . (မှန်လှပါဘုရား)။

ဟာ ဥပေက္ခာက လမ်းပြတယ် ဒကာဒကာမတို့ . . . (မှန်လှပါဘုရား) ဥပေက္ခာက ဟိုမှာပဲ ငါးစာတဲ့ . . . (မှန်ပ့ါ)။

ဒကာဒကာမတို့ ဘယ်သူက လမ်းပြပါလိမ့် . . . (ဥပေက္ခာက လမ်းပြပါတယ်ဘုရား) ခက်ပကောဗျာ။

မြင်တာ ဥပေက္ခာဆိုတာ ရိပ်မိကြပလား (ရိပ်မိပါတယ်ဘုရား) မြင်တာ မြင်မြင်ချင်း ဥပေက္ခာပဲ . . . (မှန်လှပါဘုရား)။

ဒကာဒကာမတို့ ငါးစာ၊ မရဏမင်း ချထားတဲ့ ငါးစာကို ပြပေးတာက ဘယ်သူတုံး . . . (ဥပေက္ခာပါဘုရား)။

ဥပေက္ခာပဲ ရှေးဦးစွာ လက်ညှိုးညွှန်လိုက်တာ၊ ဟိုမှာကွတဲ့ မင်းသဘောကျတဲ့ဥစ္စာ၊ ဟိုမှာရှိတယ် . . . (မှန်လှပါ)။

မင်း ခင်မင်နှစ်သက်ဖို့ရာ မင့်သား၊ မင့်သမီး ဟိုမှာရှိတယ် . . . (မှန်လှပါ) မင်းနဲ့ အိမ်ထောင်ပြုဖို့ ဟိုဘက်မှာရှိတယ် (မှန်ပါ့)။

ဘယ်သူကပြောတုံး . . . (ဥပေက္ခာက ပြောပါတယ်ဘုရား) ဥပေက္ခာကလည်း တကယ့်လူပါလား . . . (မှန်ပါ့)။

ဒကာဒကာမတို့ ငါးကလည်း ငါးဆိုတာသည် ဒကာဒကာမတို့ တိရစ္ဆာန်ကိုး မသိလို့ တိရစ္ဆာန် ဥပမာပေးပြီး သကာလ ဟောတာ ဟုတ်လား . . . (မှန်ပါ့)။

## တိရစ္ဆာန်လောက်ကို မသိကြဘူး

တိရစ္ဆာန်လောက်ကို မသိဘူးဟော့ မင်းတို့လူတွေ ဒါကြောင့် တိရစ္ဆာန်ဥပမာထားပြီး ငါဘုရား ဟောတယ်ဆိုတာ ပေါ်ပြီလား . . . (ပေါ်လာပါပြီဘုရား)။

ခု ဒီအတိုင်း ဒကာဒကာမတွေ မျိုပြီးသား၊ ချိတ်ပြီး သားချည့်ပဲ ဆိုရင်ဖြင့် ခင်ဗျားတို့ ဆောက်တည်ထားတဲ့ သီလဟာ မှသား မဖြစ်ပါဘူး . . . (မဖြစ်ပါဘူးဘုရား)။

ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူးဘုရား) ရှစ်ပါးထဲက တစ်ပါးပျက်ဦးမလားဗျာ . . . (မပျက်ပါဘူးဘုရား)။

မှန်နေတယ် . . . (မှန်လှပါ) မှန်နေတယ် ဒကာဒကာမ တို့ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာ မျိုမိပြီဆိုမှဖြင့် ဒုက္ခ ဝေဒနာက ချိတ်မိပြီ . . . (မှန်လှပါဘုရား) ချိတ်မိရင် နာပြီ . . . (နာပါတယ်ဘုရား)။

## သုခဝေဒနာကမျိုသမား

သုခဝေဒနာက မျိုသမား၊ ဒုက္ခဝေဒနာက ချိတ်သမား . . . (မှန်လှပါဘုရား) ဘယ်မှမပြေးနဲ့တော့ဆိုတဲ့ ဒုက္ခ ဝေဒနာက ဖမ်းချိတ်ထားပြီ . . . (မှန်လှပါဘုရား)။

ဖမ်းချိတ်ထားလိုက်တဲ့အခါကျတော့ မရဏဓာတ်ဆိုတဲ့ သေမင်းကြီးလာတဲ့အခါကျတော့ ခင်ဗျား အဝေးကြီးမသွားနဲ့ ကျုပ်ဒီမှာ ဖမ်းထားတယ် . . . (မှန်လှပါ)။

ဒုက္ခဝေဒနာက . . . (မှန်လှပါ) ဘယ်မှ ရှာမနေနဲ့ ဒီနေရာ ဒီကြိုးအတိုင်းသာ လိုက်ဆွဲ . . . (မှန်လှပါ)။

ကြိုးအတိုင်း လိုက်သွားတဲ့အခါကျတော့ အားလုံး ဒကာ ဒကာမတွေ ဒီငါးကြီးဟာ ငါးနဲ့တူတဲ့ ဒကာဒကာမတွေ ခန္ဓာ ကိုယ်ကြီးဟာ တခြားရှာရသေးရဲ့လား . . . (မရှာရပါဘူး ဘုရား)။

မရှာရဘူး ဒီနေရာမှာ သူအလိုရှိသလို ရိုက်ချင်တိုင်း ရိုက် နှက်ချင်တိုင်းနှက်ပြီးသကာလ ဟုတ်လား . . . (မှန်ပါ့)။

ဘယ်သူပုဂ္ဂိုလ်ကြိုက်သတုံး ဒီငါး ဘယ်လောက်ဈေး ဆိုပြီးသကာလ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို သုံးဆယ့်တစ်ဘုံ ဒီအတိုင်းပဲ ခံရတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်း ဒါဖြင့်ဒကာဒကာမတို့ ယနေ့ပြောတဲ့ ဝေဒနာ သုံးမျိုးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ အင်မတန်မှ ဆိုးဝါးနေ ပါပြီ . . . (မှန်လှပါဘုရား)။

## ဥပေက္ခာဝေဒနာက ပြပေးတယ်

ဥပေက္ခာဝေဒနာက ဘာလုပ်သတုံး . . . (ဟိုမှာ ငါးစာပါဘုရား) ဟိုမှာ ငါးစာတဲ့ဗျာ . . . (မှန်လှပါဘုရား)။

ဥပေက္ခာဝေဒနာက ပြပေးတယ် . . . (မှန်လှပါ ဘုရား) သူက မြင်ရုံမြင်တတ်တာ . . . (မှန်လှပါဘုရား) မမျိုတတ်ပါဘူး . . . (မှန်လှပါ)။

ဥပေက္ခာနဲ့ မျိုတယ်လို့ မရှိပါဘူး . . . (မှန်လှပါ) မြင်ရုံ မြင်တတ်တာပဲ . . . (မှန်လှပါ)။

ကဲ ဘယ်သူက မျိုပါလိမ့် . . . (သုခဝေဒနာကပါ ဘုရား) သုခဝေဒနာက မျိုလိုက်တယ် သူကလဲ မျိုရုံမျိုတတ် တယ် အထဲ ငါမျှားချိတ် ပါတယ်လို့ သူမသိဘူး . . . (မသိ ပါဘူးဘုရား) ဟုတ်ပလား . . . (မှန်ပါ)။

## ဘယ်ရန်သူကြိုက်သတုံး

ဒုက္ခဝေဒနာကလည်း ဘာလုပ်ပြတုံး ချိတ်ရုံ ချိတ်တာ ပဲ ဒကာဒကာမတို့ နာအောင် ကျင်အောင်တော့ ချိတ်တတ် တယ် . . . (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဥပေက္ခာဝေဒနာလည်း အင်း မင်းက အစရန်သူ . . . (မှန်လှပါ) သုခဝေဒနာက အလယ် ရန်သူ ဟုတ်လား . . . (မှန်လှပါ) ဒုက္ခဝေဒနာက မရဏမင်း ထိုးအပ်တဲ့ အဆုံးရန်သူ . . . (မှန်လှပါဘုရား)။

ဘယ်ရန်သူ ကြိုက်သတုံး . . . (ဘယ်ရန်သူမှ မကြိုက် ပါဘူးဘုရား)။

ကိုင်း . . . ယနေ့ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးသည် ဗဠိသသုတ်ဆိုပြီးသကာလ ဟောတော် မူတယ် . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ကလည်း ဒီဝေဒနာများ ဘယ်အခါမှ အပြစ်မမြင်ဘူး ခု သုံးခုစလုံးဟာ ခင်ဗျားတို့မှာဖြင့် ကောင်းကျိုးပေးတဲ့ ဝေဒနာရယ်လို့ ပါသေးသလား . . . (မပါပါဘူးဘုရား)။

ဥပေက္ခာဝေဒနာကလည်း ဟိုမှာကွတဲ့ ငါးစာတဲ့ . . . (မှန်လှပါ) ဥပေက္ခာဝေဒနာက ဟိုမှာ ငါးစာတဲ့ ငါမျှားချိတ်နဲ့ တွဲထားတဲ့ ငါးစာလို့ မပြောဘူး . . . (မပြောပါဘူးဘုရား)။

## စားချင်တာကြာပြီစားဦးမှပဲ

ဟိုမှာ ငါးစာလို့သာ ပြောတာ . . . (မှန်လှပါဘုရား) သုခဝေဒနာကလည်း ဒါဖြင့် ကျုပ်လည်း စာချင်တာ ကြာလှပြီ စားဦးမှပဲဆိုပြီး သွားစားတယ် . . . (မှန်လှပါ)။

ဟို စားလိုက်တဲ့အခါကျတော့ ငါးစာထဲပါတဲ့ ငါးမျှားချိတ်က ဒုက္ခဝေဒနာက အာခေါင်ချိတ်ထားလိုက်တာပေါ့ . . . (မှန်လှပါဘုရား)။

ဒကာဒကာမတို့ ဥပေက္ခာဝေဒနာက လမ်းပြသမား . . . (မှန်ပါ့) **အနယဗျသနံပါပုဏေယျ** ပါဠိတော်မှာ ဒီလိုဟောလိုက်တယ် . . . (မှန်လှပါ)။

ဘိက္ခဝေ ငါ၏ ချစ်သားတပည့်များတို့ မင်းတို့ ဖြစ်စဉ်ကို ငါအမှန်မြင်လို့ ပြောရမှာဖြင့်တဲ့ ဗဠိသိလော- တံငါသည်သည် (ဝါ) ငါးထောင်တတ်သော ပုဂ္ဂိုလ်သည်ပေါ့ဗျာ . . . (မှန်ပါ့)။

ဗဠိသံ = ငါးမျှားချိတ်ကို၊ ဂမ္ဘီရေ = နက်လှစွာသော၊ ဥဒကေ = ရေထဲ၌၊ ပက္ခိပေယျ = ချလိုက်ပြီဟော့တဲ့ (မှန်ပါ့) တမေန် = ထိုငါးစာနဲ့ ချထားသော ငါးမျှားချိတ်ကို။ အညတရော= ဘာမှ အသုံးမကျသောပေါ့ဗျာ . . . (မှန်ပါ့)။

## ငါးနှင့်တူသောပုဂ္ဂိုလ်

အာမိသစက္ခုမစ္ဆော = စားလိုတဲ့ သုခဝေဒနာရှိသော ပုဂ္ဂိုလ်သည်။ ငါးနဲ့တူသော ပုဂ္ဂိုလ်သည် (မှန်လှပါ) ဂိလေယျ = သောမနဿနဲ့ မျိုရာ၏။ အနယဗျသနံ = ပျက်စီးခြင်းသို့၊ ပါပုဏေယျ = ဒုက္ခနဲ့ ရောက်ရာ၏။

ဒကာဒကာမတို့ အားကြီးဆိုးနေပြီ . . . (ဆိုးပါတယ် ဘုရား) အားကြီးဆိုးနေပြီ ဒကာဒကာမတို့ ဝေဒနာသုံးမျိုး အကြောင်း ယနေ့ ခင်ဗျားတို့ လည်လည်ကြီး မှတ်ဖို့ ရှုဖို့ရာ အရေးကြီးလို့ ပြောပြီ . . . (မှန်လှပါဘုရား)။

ဥပေက္ခာဝေဒနာက ဟိုမှာ ငါးစာတဲ့ဗျာ . . . (မှန်လှပါဘုရား)။ ပြပေးပြီ၊ ပြပေးပြီ ခင်ဗျားတို့ကတော့ (မျိုချင်ပါတယ် ဘုရား) မျိုချင်တယ်၊ စားချင်တယ်။

ကောင်းတယ်ဆိုရင်ဖြင့် ကျုပ်တော့ မကြိုက်တာ တယ်မရှိပါဘူး . . . (မှန်လှပါဘုရား) မကြိုက်တာ တယ်မရှိ ပါဘူးလို့ဆိုတာ ဘယ်ဝေဒနာက ပြောတာတုံး . . . (သုခ ဝေဒနာကပါဘုရား)။

သုခဝေဒနာက မျိုမိပြီ ဒကာဒကာမတို့၊ သူကလည်း မျိုးရုံမျိုတတ်တာ၊ ဒီထဲ အာခေါင်ချိတ်မိတယ်လို့ သိနိုင်တဲ့ စွမ်းရည်သတ္တိ ရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

သိနိုင်တဲ့ စွမ်းရည်သတ္တိ မရှိဘူး . . . (မှန်လှပါ) အဲဒီလို သိနိုင်တဲ့ စွမ်းရည်သတ္တိမရှိတော့ မျိုမိတာပေါ့ . . . (မှန်လှပါဘုရား)။

မျိုမိတော့ ဒုက္ခဝေဒနာ ငါးမျှားချိတ်က ဒကာဒကာမ တို့ မလွတ်အောင် ချိတ်တော့တာပေါ့ . . . (မှန်လှပါ)။

အဲ့တော့ ဒုက္ခဝေဒနာ ချိတ်မိတယ်ဆို၊ မရဏမင်း သည်ကားလို့ဆိုရင် လိုက်ရှာတယ်၊ ငါထောင်ထားတဲ့ငါးစာပဲ ငါးဟာ ခွဲမျှားနေသေးသလားလို့ သွားကြည့်လိုက်တဲ့အခါ ကျတော့ ငါးစာနဲ့ ငါးနဲ့ တွဲရက်ကြီး . . . (မှန်လှပါ)။

## ခန္ဓာကိုယ်ကဒုက္ခဝေဒနာ

ဒုက္ခဝေဒနာနဲ့ ခန္ဓာကိုယ်နဲ့ တွဲရက်ကြီး . . . (မှန်လှပါ) အဲ ဒီပုဂ္ဂိုလ်သည်ကားလို့ဆိုရင် ဘယ်နည်းနဲ့မှ ချမ်းသာပေးလို့ မရဘူး ဆိုပြီး၊ ခုနက ဒုက္ခအပေါ်မှာ ဒုက္ခဆင့်ပြီး သကာလ (၉၆) ပါး ရောဂါဝေဒနာတည်းဟူသော လက်နက်တွေနဲ့ မရဏမင်းက ရိုက်သတ်ပြန်တယ် . . . (မှန်လှပါ)။

အရင်တော့ ဒုက္ခဝေဒနာ ဒဏ်ချက်တစ်ချက်တည်း . . . (မှန်လှပါ) နောက် (၉၆) ပါး ရောဂါဝေဒနာတွေနဲ့

မရဏာမင်း လက်နက်တွေနဲ့ အကုန်ရိုက်သတ်လိုက်တဲ့ အခါကျတော့ ဒကာဒကာမတို့ ငါးနဲ့တူတဲ့ သံသရာခရီးသည်မှာ ရှင်ဖို့ရာ အကြောင်းရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

## မျိုရင်တော့ သေရဦးမှာပဲ

အဲ ခုတစ်ခါသေပြီး ဇရာ မရဏာကို ထပ်တောင်းဦးမှာပဲ . . . (မှန်လှပါဘုရား) တောင်းပြီး မျိုဦးမှာပဲ . . . (မျိုမှာပါဘုရား) မျိုရင်တော့ သေဦးမှာပဲ . . . (သေရမှာပါဘုရား)။

အဲဒီလို တောင်းလိုက် မြင်လိုက် မျိုလိုက်ဟုတ်လား . . . မိလိုက်၊ သေလိုက် . . . (မှန်ပါ့)။

မြင်လိုက်၊ မျိုလိုက်၊ မိလိုက် သေလိုက် . . . (မှန်လှပါ) သံသရာမှာ ဒီလိုသာရှိပါတယ် . . . (မှန်လှပါ)။ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

အဲဒါဖြင့် ဒကာဒကာမတို့ မရဏာမင်းဟာ သူလိုက်ပြီး သကာလသတ်နိုင်တာ မိတဲ့ပုဂ္ဂိုလ်သာ သတ်နိုင်တာ . . . (မှန်ပါ့) မမိတဲ့ ပုဂ္ဂိုလ်ကျတော့ . . . (မသတ်နိုင်ပါဘူးဘုရား)။

အဲတော့ ခင်ဗျားတို့က မိအောင် ခံနေတယ်။ ဒကာဒကာမတို့ မျိုမိကြပလား . . . (မျိုမိပါတယ်ဘုရား) အာခေါင်ကော ချိတ်ပလား . . . (ချိတ်ပါတယ်ဘုရား) ချိတ်မိပြီတဲ့။

အိမ်တစ်ဆုံးပဲ ပြေးနိုင်တယ် . . . (မှန်လှပါဘုရား) ဟုတ်လား . . . (မှန်ပါ့) ဒီပြင်နေရာ ပြေးနိုင်သေးရဲ့လား . . . (မပြေးနိုင်ပါဘူးဘုရား)။

ကြိုးရှည်ရှည်နဲ့ သွားလိုက် မန္တလေး ရန်ကုန် . . . (မှန်ပါ့) ပြန်လှည့်လာလိုက် ကြိုးတစ်ဆုံးကိုး . . . (မှန်ပါ့ဘုရား) ဟုတ်ပလား . . . (မှန်ပါ့)။

## ကြိုးတန်းလန်းနဲ့ သွားနေတာ

ဘာကြောင့် ဒီဥစ္စာ၊ ဒီလောက် ရှည်ရှည်ကြီး ကြိုးတစ်ဆုံးကိုသွားတာတောင်မှလည်း၊ ကြိုးတန်းလန်းနဲ့ သွားတော့ ဦးလှဘူးရေ၊ ကြိုးတင်းတဲ့အချိန် မြန်မြန်ပြန်မှ ထင်ပါရဲ့ ဘယ်လိုများ နေကြမယ်မသိဘူးဆိုပြီး ပြန်ပြေးလာ တာပဲ . . . (မြန်မြန်ပြန်ရပါတယ်ဘုရား)။

မြန်မြန်ပြန်လာတာ . . . (မှန်လှပါ) ဘယ်နေရာ အချိန်ဆွဲနေရဲသေးသတုံး . . . (မဆွဲချင်ပါဘူးဘုရား) အချိန်ဆွဲတဲ့ ပုဂ္ဂိုလ်လည်း ဘုရားနဲ့သာ တွေ့မယ်ဆို ခင်ဗျားတို့ ပြန်ချင်တဲ့ စိတ်နဲ့ ဘုရားတရား နာချင်တဲ့စိတ်နဲ့ ဘယ်ဟာက များပါ့မတုံး . . . (ပြန်ချင်တဲ့စိတ်က များပါတယ်ဘုရား)။

အို ဘုရားနဲ့ နဂိုက ချိတ်ထားတာမဟုတ်ဘူး . . . (မဟုတ်ပါဘူးဘုရား) ဒီက ငါးမျှားနဲ့တော့ . . . (ချိတ်ထားပါတယ်ဘုရား)။

အဲ ချိတ်ပြီးသား ဖြစ်တော့ ငါးမျှားကြိုး တင်းလေလေ အာခေါင် နာလေလေ၊ နာလေလေ ဒီငါးမျှားတံနား ပြန်ကပ်ချင်လေလေ . . (မှန်လှပါဘုရား) ဟုတ်ဖူးလား . . . (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ဒီက ဒကာဒကာမတွေ ဖြစ်စဉ်နေတော့၊ ဩော် . . . ဘုရား အဆူဆူနဲ့ မတွေ့လို့ မကျွတ်ခဲ့တာလား ကြိုးတန်းလန်းနဲ့ သွားရင်းတွေ့လို့ပဲ တရားကို နာခွင့်မရခဲ့လို့ မကျွတ်တာလားလို့ မေးလို့ရှိရင်ဖြင့် နာခွင့်ကို မရခဲ့ဘူး . . . (မှန်လှပါဘုရား)။

ဒီကြိုးက နောက်က ဆွဲနေတယ် (တန်းလန်းဖြစ်နေပါတယ်) တန်းလန်းဖြစ်နေတယ် . . . (မှန်လှပါဘုရား)။

ကိုင်း ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီနေ့ ဖြစ်စဉ် ဒီနေ့ တရားမှာဖြင့် သစ္စာမသိသ၍ဖြင့် လုံးဝနေရာမကျသေး ပါဘူး . . . (မှန်လှပါဘုရား)။

## သစ္စာမသိသ၍ နေရာမကျ

သစ္စာမသိသ၍ လုံးဝနေရာမကျသေးပါဘူး . . . (မှန်လှပါ) ဥပေက္ခာဝေဒနာဟာလည်း မင်းလည်း ရန်သူပဲကွ မင်းကြောင့် ဒုက္ခဖြစ်တာပဲ၊ မင်း ဒုက္ခသစ္စာလည်း သူ့ဆီလည်း ရောက်ရမယ် . . . (မှန်ပါဘုရား)။

သုခဝေဒနာ မျိုလို့ရှိရင် မင်းမမျိုနဲ့ မျိုရင် အာခေါင်ချိတ်လိမ့်မယ်၊ မင်းလည်း ဒုက္ခပေးတဲ့တရားပဲ။ ဒါကြောင့် ဒုက္ခသစ္စာပဲ မင်းလည်း ပီဠနဋ္ဌောပဲ . . . (မှန်ပါ့)။

ညှာတာမဖက် အမြဲနှိပ်စက်တာပဲ . . . (မှန်ပါ့) ဥပေက္ခာ ဝေဒနာကလည်း ညှာတာမဖက် အမြဲနှိပ်စက်တာပဲ . . . (မှန်ပါ့)။

ကောင်းပြီ ဒကာဒကာမတို့ ဥပေက္ခာဝေဒနာကလည်း နှိပ်စက် ဒကာဒကာမတွေလေ . . . (မှန်ပါ့) မရဏမင်းလက်တွင်း ထိုးအပ်တဲ့အထဲမှာ ဥပေက္ခာဝေဒနာလည်း ခေါင်းဆောင်ဗျ . . . (ခေါင်းဆောင်ပါဘုရား)။

မညံ့ဘူး၊ မညံ့ဘူး၊ . . . မရဏမင်းကို ထိုးအပ်တဲ့နေရာ ဥပေက္ခာဝေဒနာလည်း ရှေ့သွား . . . (ရှေ့သွားပါဘုရား)။

သုခဝေဒနာကလည်း သူသည်ကားလို့ ဆိုလို့ရှိရင် မျိုချင်သမားဆိုတော့ သူက အလတ်စားပဲ . . . (မှန်ပါ့)။

ဒုက္ခဝေဒနာကလည်း တစ်ခါတည်း မထွက်ရအောင် မရဏမင်းလာရင် အဆင်သင့်ထိုးအပ်ဖို့ တစ်ခါတည်း သူကလည်း ချိတ်ထားသမား (မှန်ပါ့) ဒီလိုမနေဘူးလား . . . (နေပါတယ်ဘုရား)။

## သေမင်းမမြင်ရာမရောက်နိုင်ဘူး

ကိုင်း . . . ဒါကြောင့် သေမင်းမမြင်ရာ ရောက်ဖို့ရာ အရင်ကတည်းက ဟောခဲ့တယ် . . . (မှန်လှပါ) သို့သော်လည်း ခင်ဗျားတို့ကလည်း သေမင်းမမြင်ရာကို မရောက်နိုင်ဘူး . . . (မရောက်ခဲ့ပါဘူး)။

ဘယ်ရောက်ခဲ့မလဲ ဦးလှဘူးတို့က . . . (မှန်လှပါ) ဒကာသိုက်တို့ မရောက်နိုင်ဘူး . . . (မှန်လှပါ)။

ဘာကြောင့် မရောက်နိုင်တုံး၊ မျိုပြီးသား၊ သိပ်ပြီးသား၊ ခင်ပြီးသား . . . (မှန်ပါ့) အဲတော့ သေမင်းထောင်ထားတဲ့ ဒီငါးစာနဲ့ ဒီငါးမျှားချိတ်ဆီမှာ သွားပြီး သေမင်းက ရှာလိုက်တဲ့ အခါကျတော့ အဆင့်သင့် တွေ့ရတယ် . . . (မှန်လှပါဘုရား)။

သူထောင်ထားတဲ့နေရာ သူရှာတာကိုး . . . (မှန်လှပါ) ကျုပ်တို့ကလည်း မျိုမိ သိပ်မိပြီးသကာလ နေတော့ ပြေးစရာ လွှားစရာ ကြိုးတစ်ဆုံးသာရှိတော့ သိပ်ပြီး အရှာခက်နေသလား . . . (မခက်ပါဘူးဘုရား)။

မရဏမင်းက သိပ်အရှာခက်နေသလား ဒကာ ဒကာမတို့ . . . (မခက်ပါဘူးဘုရား) အေးဒါကြောင့် ဘုန်းကြီး တို့ ဒကာဒကာမတွေ ဘာကြောင့် အသေဆိုး အနေဆိုးတွေ ကြုံကြပါလိမ့်မလဲ ဆိုတော့ ဝေဒနာသုံးခု ဝိုင်းပြီးသကာလ နှက်နေကြသောကြောင့် အသေဆိုးအနေဆိုး ဖြစ်ကြတာ . . . (မှန်လှပါဘုရား)။

ဒါကြောင့် ဒီဝေဒနာကို ဒကာဒကာမတွေ အပြစ်အကြီးအကျယ်ပြုပြီးသကာလ နေပြီ၊ ပြတဲ့အတိုင်းလဲ မှန်လည်း မှန်လိုက်တဲ့ ဖြစ်ခြင်း မပြောပါနဲ့တော့ . . . (မှန်ပါ့)။

ဘုရားကလည်း ငါးမျှား ဥပမာနဲ့ ပြထား . . . (မှန်လှပါဘုရား) ဟုတ်ပလား . . . (မှန်ပါ့) ဒါသည် ဘာတုံး . . . (ဥပေက္ခာပါဘုရား)။

ဥပေက္ခာက လက်ညှိုးညွှန်ပြီးသကာလ ဟိုဘက်မှာ ရှိတယ်၊ ဟိုဘက်မှာရှိတယ်၊ မင်း အားကိုးလုံး ဟိုဘက်မှာ၊ သူသည်ကားလို့ဆိုလို့ရှိရင် မသေမချင်း လုပ်ကျွေးမယ့် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်နဲ့ တူတယ် အစရှိသည်နဲ့။

ဥပေက္ခာဝေဒနာ ဆိုတဲ့ မျက်လုံးမြင်မှုက ဒကာဒကာမ တို့ လက်ညှိုးပြပေးလိုက်တယ် . . . (ပြပေးပါတယ်ဘုရား)။

ပြပေးလိုက်တဲ့အခါကျတော့ ဒကာဒကာမတွေက ခင်မှုပဲ မင်မှုပဲ ဒါမှုပဲ နေရာကျမှာပဲ . . . (မှန်လှပါ)။

မြင်တာကတခြား၊ နေရာကျမှာပဲကတခြား . . . (မှန်လှပါဘုရား) မြင်တာက ဥပေက္ခာ၊ နေရာကျမှာပဲက ဒုက္ခဝေဒနာ (မှန်ပါဘုရား)။

## သုခဝေဒနာက ခင်မင်လိုက်တယ်

အဲတော့ သုခဝေဒနာက တစ်ခါတည်း သွားပြီး ခင်လိုက်၊ မင်လိုက်၊ ကြင်နာလိုက်တာပေါ့ဗျာ . . . (မှန်လှပါဘုရား) မျိုမိပြီ . . . (မှန်ပါဘုရား)။

မျိုမိတဲ့အခါကျတော့ ဒကာ ဒကာမတို့ သံယောဇဉ်ဆိုတာ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မျိုမိပြီ ဆိုမှဖြင့် ကောင်းလည်း မပစ်နိုင် ဆိုးလည်း မပစ်နိုင် လာပြီ . . . (မှန်ပါ့)။

ခင်ပွန်းလည်း မပစ်နိုင်ဘူး၊ သားတွေသမီးတွေလည်း (မပစ်နိုင်ဘူးဘုရား) မပစ်နိုင်တော့ ဒကာဒကာမတွေ ညည်းလုံးထုတ်တယ်။

ကြင်ဖော်ကလည်း ခတ်ဆိုးဆိုး၊ သားတွေ၊ သမီးတွေကလည်း ခတ်ပေပေ၊ ခပ်တေတေ၊ မတတ်နိုင်တော့ဘူးဖြစ်မိပေါ့ကိုး . . . (မှန်လှပါ)။

ဆိုပြီးသကာလ ဒီတိုင်အနားက ဘယ်ရွှေ့သေးသတုံး . . . (ဘယ်မှ မရွှေ့ပါဘုရား)။

ညည်းလုံးတော့ ထုတ်ပါရဲ့ နာလွန်းလို့ . . . (မှန်ပါ) နောက် ဝေဒနာများသော်လည်း ဒကာဒကာမတို့ နာနာနဲ့ပဲ ဒီဘဝ ဇာတ်သိမ်းရပုံ ရတယ် . . . (ရပါတယ်ဘုရား) ဟုတ်လား နာနာနဲ့ပဲ ဘေးသွားနိုင်သေးရဲ့လား . . . (မသွားနိုင်ပါဘူးဘုရား)။

မသွားနိုင်ဘူး၊ မရဏမင်းက ဒီနေရာက ထောက်တန်ကြီးနဲ့ ထောက်ပြီးသကာလ ငါးမျှားကြိုးနဲ့ တန်းလန်း ဟုတ်လား . . . (မှန်ပါ့)။

ငါးစာကြီးနဲ့ အာခေါင်ချိတ်၊ ငါးမျှားချိတ်နဲ့ အာခေါင်ချိတ်နေတော့ ဒကာဒကာမတွေသည်ကားလို့ ဆိုရင်ဖြင့်

ညည်းတာ ညည်းနေရတယ် နာလှချည်ရဲ့ ဒီဘဝအဖြစ်ဆိုးလှ ချည်ရဲ့ . . . (မှန်ပါ့)။

## ဘယ်တော့များမှ ချမ်းသာမှာတုံး

ဘယ်တော့များမှ ချမ်းသာပါ့မတုံး . . . ဘယ်တော့မှ မချမ်းသာဘူး . . . ဒါ အာခေါင်မှာရှိတယ် ညည်းမနေနဲ့ . . . (မှန်ပါဘုရား) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ခင်ဗျားတို့ သားရေးသမီးရေးတည်းဟူသော အာရုံ တရားတွေက ခင်ဗျားတို့ သန္တာန်၌ အမြဲရှိပြီးသကာလ နေတယ်ဆိုတာ ပေါ်လာကြပလား . . . (ပေါ်လာပါတယ် ဘုရား)။

အဲတော့ ဒကာဒကာမတို့ ခင်ဗျားတို့သည်ကားလို့ ဆိုရင် ဘယ်မှမပြေးနိုင်ဘူး . . . (မပြေးနိုင်ပါဘူးဘုရား)။

မပြေးနိုင်တော့ သေမင်းဆိုတာက တခြားလိုက်ရှာ ရသလား၊ ဒီ သားသမီးတည်းဟူသော ငါးစာမျှထားတဲ့ ပုဂ္ဂိုလ် ဟာ ဒီငါးစာနားတင် ရှိမှာပဲ၊ ပြေးလည်း ဒီကြိုးတဆုံးပါပဲ ဆိုပြီးသကာလ၊ ကြိုးအစဉ်တိုင်းများ လျှောက်လိုက်ရင် အလိုက်သင့် အသာမိ။

မမိဘူးလား . . . (မိပါတယ်ဘုရား) အလိုက်သင့် အသာမိတယ် ဒကာဒကာမတို့ . . . (မှန်လှပါဘုရား)။

အဲတော့ ဒကာဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒုက္ခဝေဒနာနဲ့ ညည်းတာတင်ခံရသေးတယ် . . . (မှန်ပါ) ညည်းပြီး ဒီသား ဒီသမီး ဒီမြေးနဲ့ ကိုယ့်အသက်ကြီးမှာနဲ့ ဟုတ်လား။

## ဒုက္ခကြီး ရဦးမှာပဲ

သူတို့ သုံးမှာ ဖြုန်းမှာနဲ့ အတော်ကိုပဲ ဆိုးဝါးဦးမယ်။ ရှေ့ဒုက္ခကြီးကဖြင့် အကြီးအကျယ် ရဦးမှာပဲဆိုတာလည်း ငါးစာမျှိမိရက် အာခေါင်ချိတ်မိရက် ဖြစ်နေတော့ ဘုန်းကြီး တို့ ဒကာဒကာမတွေဟာ ပြေးစရာ လွှားစရာ အပေါက်မြင် သေးရဲ့လား . . . (မမြင်ပါဘူးဘုရား)။

ဘယ်မြင်လိမ့်မလဲဗျ . . . ဝေးလိုက်တဲ့ဖြစ်ခြင်း ပြေးလည်း ဒီကြိုးတစ်ဆုံးပါလို့ ဆိုနေပေါ့ . . . (မှန်လှပါ) မရဏာမင်း ထောင်ထားတဲ့ ကြိုးတစ်ဆုံးပါ ပြေးလည်း ဒီနား လှည့်ပြေးမှာပါပဲ။

ဒီ့ပြင် ပြေးစရာ ရှိသေးလား . . . (မရှိပါဘူးဘုရား) ပြေးမယ်ကြံရင် ကြိုးကနေပြီးသကာလ ဟုတ်လား တင်းထား လိုက်ရင်း၊ ကိုယ်က နာရက်နဲ့ ဖြစ်ပြီး အာခေါင် ချိတ်နေတော့ ကိုယ့် ကိုယ်ငဲ့တာတစ်မျိုး . . . (မှန်ပါ့) ဟုတ်လား။

ပြန်ပြန်ပြီး ကြိုးနားပဲ ပြန်ပြီးသကာလ တိုင်ခြေရင်းပဲ မရောက်ရဘူးလား . . . (ရောက်ရပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားက ဗဠိသိကော ဆိုပြီးသကာလ သံယုတ်ပါဠိတော်မှာ ဟောရှာတယ် . . . (မှန်ပါ့)။

ကိုင်း ဒါဖြင့် အားလုံး ဒကာဒကာမတွေ ဉာဏ်ရောက်ကြပလား . . . (ရောက်ပါပြီဘုရား)။

ဥပေက္ခာဝေဒနာက ပို့ပြီဟေ့ . . . (မှန်ပါ့) မင်းတို့ စားချင်တဲ့ငါးစာ ဟိုမှာဟေ့ ဆိုတာက သူခက မြင်တတ်တဲ့ သဘောသတ္တိ မရှိဘူး၊ သူခက မျှိချင်တာသာ ရှိတယ် . . . (မှန်ပါ့)။

ဥပေက္ခာဝေဒနာကတော့ မြင်တတ်တယ် . . . (မှန်ပါ့) ဒကာဒကာမတို့ ဥပေက္ခာဝေဒနာက ဘာလုပ်တတ် တုံး . . . (မြင်တတ်ပါတယ်ဘုရား)။

ဥပေက္ခာ သဟဂုတ်စက္ခုဝိညာဏ်ကိုး . . . (မှန်ပါ့ ဘုရား) ဥပေက္ခာက မြင်တတ်တယ်တဲ့ ဒကာဒကာမတို့ . . . (မှန်ပါ့) ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီဝေဒနာ သုံးမျိုး ချုပ်သွားလို့ရှိရင်ဖြင့် ဒီငါးစာဟာ သူ့ဟာသူ နေရစ်တော့မှာ . . . (မှန်ပါဘုရား)။

ဒီပြင် မိစရာ ဖမ်းစရာ သေမင်းကလည်း လိုက်ပြီး ရိုက်စရာ နှက်စရာ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

အဲဒါကြောင့် ဝေဒနာတို့သာ ကုန်အောင် ဒကာ ဒကာမတို့ ဟုတ်လား၊ ဝေဒနာတို့၏ ကုန်ရာကို ရှုနိုင်လို့ရှိရင် ဝေဒနာသည် ဖြစ်ပျက် ဒုက္ခသစ္စာ၊ အမှန်အကန် ရှုနိုင်လို့ရှိရင် ဖြင့် နိဗ္ဗူတော ပရိနိဗ္ဗူတောဆိုတဲ့အတိုင်း ငြိမ်းအေးတဲ့ နိဗ္ဗာန်ကို ရမယ် . . . (မှန်ပါ့)။

## ဝေဒနာငြိမ်းရင် အသေငြိမ်းမယ်

ဝေဒနာငြိမ်းရင် အကုန်အသေငြိမ်းမယ် . . . (မှန်ပါ့ဘုရား) ဒကာဒကာမတို့ ဝေဒနာငြိမ်းရင် ဘာငြိမ်းမလဲ . . . (အသေငြိမ်းမှာပါဘုရား)။

ဝေဒနာငြိမ်းရင် အသေငြိမ်းမယ်လို့ ပြောထားပြီ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကိုင်းဒါဖြင့် ဒကာဒကာမတို့ အင်မတန် ခက်နေပြီ၊ ဝေဒနာငြိမ်းဖို့ရာ အကြောင်းကို ခု ဘုန်းကြီးက ဟောတော့ ကို အပြစ်သာမြင်သေးတယ် . . . (မှန်လှပါဘုရား)။

ဒကာဒကာမတို့ ဥပေက္ခာဝေဒနာကလည်း ခင်ဗျားတို့ ဟိုမှာ မျိုစမ်းပါလားလို့ မဆိုသော်လည်း ဆိုဘိသကဲ့သို့ ဟိုမှာ ခင်ဗျား အစာလို့ ပြတာက ဥပေက္ခာဝေဒနာ . . . (မှန်လှပါဘုရား)။

ဒါဖြင့် ကျုပ်စားပရစေဆိုတာက . . . (သုခဝေဒနာပါဘုရား)။ အဲ ကျုပ်စားပရစေဆိုတာက သုခဝေဒနာ၊ စားသာစားလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း အာခေါင်ချိတ်တာက ဘယ်ဝေဒနာက ချိတ်တာတုံး . . . (ဒုက္ခဝေဒနာကပါဘုရား)။

ဒုက္ခဝေဒနာက ချိတ်တာ၊ ဒုက္ခဝေဒနာက ချိတ်ထားတဲ့အခါကျတော့ သေမင်းလာရှာတဲ့အခါကျတော့ တော်တော်ခရီးပမ်းပမ်း ရှာရသလား။

အဲ မရဏမင်းလာတဲ့ အခါကျတော့ တစ်ခါတည်းထိုးအပ်လိုက်ရတယ် . . . (မှန်ပါ့) ဒုက္ခဝေဒနာက ချည်ပြီး သားတုပ်ပြီးသားကိုး (မှန်လှပါ)။

ခင်ဗျားလာရင် အဆင်သင့်ဖြစ်ဖို့ ကျုပ် ချိတ်ထားပါပြီ (မှန်ပါ့) ဟောဒီ သတ္တဝါမိုက်တွေသည်ကားလို့ ဆိုရင် ခင်ဗျားကြိုက်သလို စီမံပါတော့ . . . (မှန်ပါ့) ဆိုပြီး ဒုက္ခဝေဒနာကလည်း ထိုးအပ်လိုက်တာပဲ . . . (မှန်ပါ့)။

## ဘယ်ဝေဒနာကြိုက်သလဲ

အဲတော့ ဒကာသိုက်တို့နဲ့တကွ ဦးလှဘူးတို့က စဉ်းစားကြပါတော့ ဝေဒနာသုံးမျိုး ဘယ်အမျိုးသည်ကားလို့ ဆိုရင် ငါတို့၏ကိုးစားရာ အစစ်၊ အားထားရာအစစ် ဖြစ်ပါ့မလဲလို့ ဆိုလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတို့ ဘယ်သူမှ ကိုးစားရာ အားထား

ရာမဟုတ်ဘူး၊ ဒကာ ဒကာမတို့ကို သွယ်ဝိုက်သောနည်းနဲ့ ဥပေက္ခာဝေဒနာက ပြမယ် . . . (မှန်ပါ့)။

သုခဝေဒနာက အရမ်းမျို . . . (မှန်လှပါဘုရား) ဒုက္ခဝေ ဒနာက အမြဲ အာခေါင်ချိတ် . . . (မှန်လှပါဘုရား)။ ဟုတ်လား။

မရဏမင်းလာတဲ့ အခါကျတော့ ချိတ်ပြီးသား ထိုးအပ် ဘယ်မှာ ကလန်ကဆန် ပြေးနိုင်သေးရဲ့လား . . . (မပြေးနိုင်ပါဘူးဘုရား)။

အေး ဒါကြောင့် ဒီမြို့၊ ဒီရွာ၊ ဒီဌာန ကျုပ်တို့ဖြင့် ဒီအနေအတိုင်းသေရမှာပဲဆိုတာ မမှားဘူး . . . (မမှားပါဘူးဘုရား)

မမှားဘူး ဒီအနေအတိုင်း သေ ရမှာပဲ၊ ဘာကြောင့် မမှားတုံးဆိုတော့ ဒီနေရာ အာခေါင်ချိတ်မိပါပြီ . . . (မှန်လှပါဘုရား) ဟုတ်ပလား . . . (မှန်လှပါ)။

ဒီနေရာ အာခေါင်ချိတ်နေတော့၊ ကျုပ်တို့သည်ကား သေမင်းလိုက်ရာကို ဆရာဘုန်းကြီးက ဘယ်လိုပင် ပြခြား သော်လည်း၊ ခင်ဗျားတို့ အာခေါင်ချိတ်ကို မဖြုတ်နိုင်သေးသ၍ ကာလပတ်လုံး၊ ဒီကြိုးကို မဖြတ်သ၍ ကာလပတ်လုံး၊ ဒီဝေဒနာနဲ့ နေသည့် ကာလပတ်လုံး၊ ဘယ်နည်းနဲ့မှ ခင်ဗျားတို့သည်ကား မရဏမင်း မမြင်ရာဆိုတဲ့ နေရာဌာန မရောက်နိုင်ပါဘူး. . . (မရောက်နိုင်ပါဘူးဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးလှဘူးတို့ ဒကာသိုက်တို့ စဉ်းစားကြစို့ . . . (မှန်ပါ့)။

## ဝေဒနာမရှိမှ နိဗ္ဗာန်ရောက်မယ်

**ဝေဒနာနံ ခယံ ဒိသွာ** ဝေဒနာကို မရှိမှ ဖြစ်မှာပဲ . . . (မှန်ပါ့)။

**ဝေဒနာနံ ခယံ ဒိသွာ** ဝေဒနာကုန်ရာ ရှိမှသာလျှင် ခင်ဗျားတို့သည် ကားလို့ဆိုရင်၊ နိစ္စတော ပရိနိဗ္ဗုတောဆိုတဲ့ အတိုင်း ငြိမ်းအေးတဲ့ နိဗ္ဗာန်ရောက်မယ် . . . (မှန်လှပါဘုရား)။

ဝေဒနာကုန်အောင် မရှုနိုင်ရင် . . . (မရောက်နိုင်ပါဘူး ဘုရား) အေး မရောက်နိုင်ဘူး၊ မရောက်နိုင်ဘူး ဒကာ ဒကာမတွေကဖြစ်နေပြီ . . . (မှန်လှပါ)။

ကိုင်း ပြန်ပြောလိုက်တယ် ဒကာ ဒကာမတွေ ရှင်း သထက်ရှင်းအောင်လို့ . . . (မှန်လှပါ)။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ မရဏာမင်း၊ မရဏာမင်း ဆိုတာ သေမင်းဆိုတာသည် တခြားအကောင်အထည် ဒြပ်ရှိသည် မဟုတ်ပါဘူး . . . (မှန်ပါ့)။

သေစားမိလို့ သေရတာဟာ မရဏာမင်းပါပဲ . . . (မှန်ပါ့) ဒကာ ဒကာမတို့ သေမင်းဆိုတာသည် သေစားမိလို့ သေရတာ . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ စဉ်းစားကြည့်ပါ ဆေးနဲ့မတည့်လို့ သေတယ်ဆိုရင် ဆေးဟာ သေမင်းမှတ်ပေတော့. . . (မှန်ပါ့)။ ဟုတ်ပလား။

ကြောက်လန့်ပြီး သေတယ်ဆိုရင် ကြောက်တဲ့တရားသည် သေမင်းမှတ်ပေတော့ . . . (မှန်လှပါဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတို့ ဥပေက္ခာဝေဒနာကလည်း ခင်ဗျားတို့ သေရာတွန်းသမား . . . (မှန်လှပါ) သေမင်းပဲ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သုခဝေဒနာကလည်း မျိုမိအောင်မျိုတော့ သေမင်းပဲ . . . (မှန်လှပါဘုရား) ဒုက္ခဝေဒနာကလည်း မပြေးနိုင်အောင် လုပ်တဲ့ချိတ်ထားပြီးသကာလ နာအောင်ချိတ်ထားတဲ့အတွက် မပြေးနိုင်အောင် လုပ်တဲ့အတွက် သူလည်း သေမင်းပဲ . . . (မှန်လှပါဘုရား)။

မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား) အဲတော့ ဒကာ ဒကာမတွေကလည်း ဝေဒနာသုံးမျိုးကို သေမင်းလို့သာ အသေအချာ မှတ်ကြပေတော့ . . . (မှန်ပါဘုရား)။

## ဝေဒနာသည်လူသတ်ယောက်ျား

ဒါကြောင့် ဝေဒနာမာရော ဝေဒနာဟာ မင်းတို့ သူသတ်ယောက်ျားကွ . . . (မှန်လှပါ)။

ဝေဒနာမာရောလို့ ဆိုတယ်၊ ဦးလှဘူးရ . . . (မှန်လှပါဘုရား) ဒကာသိုက်ရေ ဝေဒနာ ဘာတဲ့တုံး . . . (ဝေဒနာမာရောပါဘုရား)၊ ဝေဒနာမာရောတဲ့၊ ဝေဒနာ = ဝေဒနာသုံးမျိုးသည်၊ မာရော = သူသတ်ယောက်ျားသည် (ဝါ) သဘောတူသတ်မယ့် ပုဂ္ဂိုလ်သုံးယောက်သည် . . . (မှန်ပါ့) မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

ကိုင်းဝေဒနာဟာ သူသတ်ယောက်ျားတဲ့၊ ဒကာ ဒကာမတို့ မြို့ထဲရွာထဲမှာဖြင့် ခက်နေကြပြီ . . . (မှန်လှပါ) မျက်လုံးမြင်တာကလည်း ဥပေက္ခာဝေဒနာ . . . (မှန်ပါ့)။

မျက်လုံးမြင်လို့လည်း မျိုချင်၊ စားချင်၊ ရချင်တာက သုခ ဝေဒနာ၊ သုခဝေဒနာ ဒဏ်ချက်မိပြီဆိုမှဖြင့် ဒုက္ခ ဝေဒနာဆိုတဲ့ ဥစ္စာ စိုးရိမ်ရတော့မယ်၊ ပူဆွေးရတော့မယ်ဆိုတဲ့ အာခေါင်ချိတ်မှု ကမလာသေးဘူးလား . . . (လာပါတယ်ဘုရား)။

ဒါဖြင့် မြင်လို့ လိုချင်၊ လိုချင်လို့ ဆင်းရဲ . . . (မှန်ပါ့)။ ဒီမကျဘူးလား (ကျပါတယ်ဘုရား)။

မြင်တော့ လိုချင်လာတယ် ဒကာ ဒကာမတွေရ . . . (မှန်လှပါ) ဟုတ်လား၊ မြင်တော့ လိုချင်တယ်၊ လိုချင်တဲ့အခါကျတော့ရ၊ ရတဲ့အခါကျတော့ မဆင်းရဲဘူးလား . . . (ဆင်းရဲပါတယ်ဘုရား)။

## ဝေဒနာသုံးမျိုးရန်သူသုံးမျိုး

ကိုင်း ဒကာ ဒကာမတို့ မြင်တာက ဥပေက္ခာဝေဒနာ၊ လိုချင်တာက သုခဝေဒနာ၊ ဆင်းရဲတာက ဒုက္ခဝေဒနာ . . . (မှန်လှပါ)။

ကိုင်းဒကာသိုက်ရေ ဝေဒနာသုံးမျိုးသည် ဒကာ ဒကာမတွေ၏ အကြီးဆုံးသော ရန်သူသုံးမျိုးပဲဆိုတာ ပေါ်လာကြပလား . . . (ပေါ်လာပါပြီဘုရား)။

ဒါကြောင့် ဝေဒနာ အပြစ်ကို ကြပ်ကြပ်ပြောနေခြင်းသည် ဝေဒနာနုပဿနာနဲ့ နိဗ္ဗာန်ကူးပါစေတော့ရယ်လို့ ဆိုပြီး ဟောရတယ် (မှန်လှပါဘုရား) ရှင်းကြပလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)။

ဥပေက္ခာဝေဒနာက ငါးစာရှိရာ ပြသမား . . . (မှန်လှပါ) သုခဝေဒနာက . . . (မျိုသမားပါဘုရား)၊ ဒုက္ခဝေဒနာက . . . (ချိတ်သမားပါဘုရား) ချိတ်သမား။

ဥပေက္ခာဝေဒနာက ဘာတုံး . . . (ငါးစာရှိရာ ပြသမားပါဘုရား) ပြသမား ငါးစာရှိရာ၊ သုခဝေဒနာက . . . (မျိုသမားပါဘုရား) ဒုက္ခဝေဒနာက . . (ချိတ်သမားပါဘုရား)။

ကိုင်း ပြပြီ၊ မျိုပြီ၊ ချိတ်ပြီ ဆိုမှဖြင့် သံသရာခရီးသည်ဆိုတဲ့ ငါးတွေသည် ဟုတ်လား (၃၁) ဘုံ ချည်တိုင်မှတစ်ပါး ဘယ်များ ပြေးနိုင်သေးသတုံး . . . (ဘယ်မှမပြေးနိုင်ပါဘုရား)။

နိဗ္ဗာန်ကလည်း (၃၁) ဘုံ အပြင်ဘက်မှာရှိတယ် ခင်ဗျားတို့ကလည်း ဒီချည်တိုင်နဲ့ ဒီကြိုးအဆုံးသာ လှည့်ပတ်ပြီး နေရတယ်. . . (မှန်လှပါဘုရား)။

## ဝဋ်မကျွတ်တာဘာ့ကြောင့်

အဲတော့ ဒကာ ဒကာမတွေ ကျွတ်လမ်းလွတ်လမ်းဆိုတဲ့ ဝဋ်မှ ကျွတ်ခန်း ဆိုတာပါသေးသလား . . . (မပါပါဘူး ဘုရား)။ မပါတော့ဘူး၊ မပါတော့ဘူး။

ဒကာ ဒကာမတို့ ဝဋ်ထဲက မကျွတ်တာဘာကြောင့် ပါလိမ့် မလဲလို့ သေသေချာချာ တွေးတော့မှ ဝေဒနာ ဒဏ်ချက်နဲ့ အသက်ထွက်နေရလို့ . . . (မှန်ပါ့) ဟုတ်ပလား။

(၃၁) ဘုံထဲမှာ ဝေဒနာဒဏ်ချက်မိပြီး သကာလ၊ ဒကာ ဒကာမတွေ အဖန်ဖန်သေနေရလို့၊ ဝေဒနာသတ်သဖြင့် အဖန်ဖန်သေနေရလို့ ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်း. . . ဘယ့်နှယ့်လုပ်ကြမလဲ၊ ဒီဝေဒနာသည် ကားလို့ဆိုလို့ရှိရင်ဖြင့်၊ ဝေဒနာန် ခယ်ဒိသွာ လုပ်မှပဲ . . . (မှန်ပါ့)။

ဝေဒနာကုန်ရာကို မြန်မြန်ကြည့်မှပဲ . . . (မှန်ပါ့ဘုရား) ဒါမှသာလျှင် ခင်ဗျားတို့ နိဗ္ဗူတဆိုတဲ့ ငြိမ်းအေးခြင်း ရမယ်. . . (မှန်လှပါဘုရား) နို့မဟုတ်လို့ရှိရင် ရစရာမြင်သေးရဲ့လား . . . (မမြင်ပါဘူးဘုရား)။

## ဘယ်ဝေဒနာမျိုးကြိုက်သတုံး

ကိုင်း ဝေဒနာသုံးမျိုးကို ဒကာ ဒကာမတို့ ဘယ်ဟာများ ကြိုက်ကြသတုံး . . . (ဘယ်ဟာမှ မကြိုက်ပါဘူးဘုရား) ဘယ်ဟာမှ မကြိုက်ဘူး။

ဥပေက္ခာဝေဒနာကလည်း ရုပ်ဆိုး အကျည်းတန်ပဲ . . . (မှန်လှပါဘုရား) သုခဝေဒနာကကော . . . (ရုပ်ဆိုးအကျည်း တန်ပါဘုရား)။

အဲတော့ ဒကာ ဒကာမတွေကလည်း အသံမကောင်း တော့ ဒုက္ခဝေဒနာ ကြောက်တယ်၊ ကျုပ်တို့ဖြင့် ဒုက္ခများ ကြောက်ပါရဲ့ (မှန်ပ့ါ) ဩော် . . တော်တယ်၊ တော်တယ် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒုက္ခတော့ ကြောက်တယ် . . . (မှန်လှပါ)။

## ဒုက္ခဘယ်ကလာသတုံး

ဒုက္ခဘယ်ကလာတာတုံး မျှိမိတဲ့ သုခကလာတာ . . . (မှန်လှပါဘုရား) ကိုင်း၊ ဘယ်သူက အရင်းကျတုံး . . . (သုခက အရင်းကျပါတယ်ဘုရား)။

ဒကာ ဒကာမတွေက ကျုပ်ဖြင့် သုခများ ကြောက်ပါရဲ့ လို့ ဘယ်တော့မှ အသံမထွက်ဘူး . . . (မထွက်ပါဘူးဘုရား) သုခကြောက်ပါရဲ့လို့ ဘယ်တော့မှ အသံမထွက်ဘူး။

သုခကြောက်လိုက်တာ ကျုပ်ချမ်းသာမှာများ သိပ်ကြောက်တာပဲ . . . (မှန်လှပါ) မပြောပါဘူး. . . (မပြောပါဘူးဘုရား)။ ပြောရင်လည်း ဟန်ပြော ဟုတ်လား. . . (မှန်ပ့ါ)။

ပြောပြန်ရင်လည်း မရှိတဲ့သူကပြောတာ . . . (မှန်ပ့ါ) ကျုပ်က ဘာပြုလို့တုံး ဟိုချမ်းသာမယ်ဆိုရင် ကိုယ့်အိမ်တောင် ကိုယ်မနေရဲလို့ ချမ်းသာများတော့ ကြောက်ပါရဲ့ . . . (မှန်ပ့ါ)။

ဒါတောင် ပြောပြီ မရှိမရှား ကြိုက်တယ်တဲ့. . (မှန်ပ့ါ) သုခတွေတော့ ကြောက်တယ်မဟုတ်ပါဘူး . . . (မဟုတ်ပါဘူး) မရှိမရှားကျတော့ ကြိုက်နေ . . . (ကြိုက်ပါတယ်ဘုရား)။

ကောင်းသေးရဲ့လား . . . (မကောင်းပါဘူး) မကောင်းပါဘူး၊ မကောင်းပါဘူး သုခကြိုက်ရက်ပ့ါပဲ မကောင်းပါဘူး။

အဲတော့ ဒကာ ဒကာမတွေက ဥပေက္ခာ ဝေဒနာများ ကြောက်လှချည်ရဲ့လို့ ဘယ်တော့များလာသတုံး. . . (ဘယ်တော့မှ မလာပါဘူးဘုရား)။

**အံမလေး ကြောက်စရာအကောင်းဆုံးက သူကလမ်းစထွင်ပေးတာဗျ. . . (မှန်ပ့ါ) သူနဲ့ပေါင်းလို့ အမိုက်ကြီးမိုက်ရတာ . . . (မှန်လှပါဘုရား) ဟုတ်ပလား။**

**အဲဒီ ဥပေက္ခာဝေဒနာကျတော့ ကြောက်မိရဲ့လား. . . (မကြောက်မိပါဘူးဘုရား) ကိုင်း. . .** ဒါဖြင့် ဒကာ ဒကာမတွေ

မကြောက်တတ်တာ၊ ကြောက်စရာ မကြောက်တာသည် အဝိဇ္ဇာဘဲသာ မှတ်ပေတော့ . . . (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကြောက်စရာမကြောက်တာဘာပါလိမ့်

ကြောက်စရာမကြောက်တာ ဘာပါလိမ့် . . . (အဝိဇ္ဇာပါဘုရား) အဲ. . . ကြောက်စရာမကြောက်တာဟာ အဝိဇ္ဇာပဲဆိုသဖြင့် သူတို့၏ သဘောကို ကောင်းကောင်း မသိဘူး။

ဝေဒနာသုံးမျိုး၏ အရုပ်ဆိုးအကျည်းတန်တဲ့ သဘော သိသေးရဲ့လား . . . (မသိပါဘူးဘုရား) အဲဒီ မသိတာ ဘယ်သူတုံး . . . (အဝိဇ္ဇာပါဘုရား)။

ဒကာ ဒကာမတို့ တရားနည်းနည်းပေါ်လာပြီ၊ တရားပေါ်လာပြီ၊ သူတို့၏အကြောင်း ကောင်းကောင်းမသိတာ ဘာပါလိမ့်. . . (အဝိဇ္ဇာပါဘုရား)။

ကိုင်း. . . ဒါဖြင့် အဝိဇ္ဇာဖြစ်နေပြီ. . . (မှန်လှပါ) အဝိဇ္ဇာ ပေါ်နေပြီ၊ သူတို့၏ အကြောင်းကောင်းကောင်း မသိတာသည် သူတို့၏ အကြောင်းက ဒုက္ခပေးတတ်တဲ့ အကြောင်းတရားတွေ (ဝါ) သူသတ်ယောက်ျားတွေတဲ့ ဝေဒနာသုံးမျိုးက . . . (မှန်ပါ့)။

အဲ. . . သူတို့၏ အကြောင်းကောင်းကောင်း မသိတာက ဘယ်သူတုံး. . . (အဝိဇ္ဇာပါဘုရား) ဒါဖြင့် အဝိဇ္ဇာသည် ဒကာ ဒကာမတို့ ဒုက္ခအကြောင်း ကောင်းကောင်းမသိဘူး . . . ပေါ်လာပလား . . . (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာသည် ဘာအကြောင်းကောင်းကောင်း မသိတုံး (ဒုက္ခအကြောင်းကောင်းကောင်း မသိပါဘုရား)။

ကိုင်း. . . ဒုက္ခအကြောင်း ကောင်းကောင်းမသိဘူး ဒကာ ဒကာမတို့ ဝေဒနာသုံးမျိုး၏အကြောင်းကောင်းကောင်း မသိဘူးဆိုတဲ့ အဝိဇ္ဇာလာပြီ . . . (မှန်လှပါ)။

အဲဒီ ကောင်းကောင်းမသိတဲ့တရား ကျုပ်တို့က ခန္ဓာကိုယ်ထဲမှာ ရောက်ပြီးသကာလ နေတော့ကိုး၊ ဘယ်နည်းနဲ့မှ ဒီဝေဒနာသုံးမျိုးကို ကျုပ်တို့ မပြစ်နိုင်တော့ဘူး . . . (မှန်ပါ့)။

မပစ်နိုင်တော့၊ မပစ်နိုင်တာ ခင်ဗျားတို့ ပါးစပ်ထဲမှာ ပါတယ်. . . (မှန်ပါ့) အကြင်လင်မယား အိမ်ထောင်ကျတယ် . . . (မှန်လှပါ)။

ဆိုးလည်း မပစ်ပါဘူး၊ ဟော ဒုက္ခလည်း မပစ်ပါဘူး . . . (မှန်လှပါ) ကောင်းရင်ကော . . . (မပစ်ပါဘူးဘုရား) အဆိုးအကောင်း ဝေဖန်လို့မရရင်ကော . . . (မပစ်ပါဘူး ဘုရား)။

## ဝေဒနာသုံးမျိုးအကုန်ကြိုက်ထားတာ

အံမာ ဝေဒနာသုံးမျိုးကို အကုန်ကြိုက်ထားတာပါလား . . . (ကြိုက်ပါတယ်ဘုရား) ဆိုးလည်း မပစ်ပါဘူးဆိုတော့ ဘာဝေဒနာကြိုက်တုံး. . . (ဒုက္ခဝေဒနာပါဘုရား)။

ဆိုးလည်းမပစ်ပါဘူးဆိုတာက ဆိုးလည်း ဒုက္ခဝေဒနာ မပစ်ပါဘူးက ကြိုက်တာ . . . (မှန်ပါဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရာ)။

ဆိုးလည်း မပစ်ပါဘူးဆိုတော့ ဒုက္ခဝေဒနာ ဘာဖြစ်နေတုံး . . . (ကြိုက်ပါတယ်ဘုရား) ကောင်းလည်း. . . (မပစ်ပါဘူးဘုရား) သုခဝေဒနာကြိုက်တယ် . . . (မှန်ပါ့)။

ဆိုးလည်း မပစ်ပါဘူးတဲ့ ဒီခင်ပွန်းနဲ့ ဒီခင်ပွန်းမ ပြောဆိုနေကြတယ်၊ ဆိုးလည်း မပစ်ပါဘူး ဒုက္ခဝေဒနာကြိုက်နေတယ် . . . (မှန်ပါ့)။

ကောင်းလည်း မပစ်ပါဘူး၊ ဘာကြိုက်နေတုံး . . . (သုခ ဝေဒနာကြိုက်နေပါတယ်ဘုရား) အဆိုးအကောင်း ရောနေလည်း (မပစ်ပါဘူးဘုရာ)။ မပစ်ပါဘူးတဲ့။

အံမယ်၊ ဝေဒနာသုံးမျိုး ခင်ဗျားတို့ ဘယ်ဟာမကြိုက်တာပါလဲ. . . (ဘယ်ဟာမှမပါပါဘုရား) အံမာလေး လွန်လှချည်လားဗျာ . . . လွန်လှချည်လား။

ဆိုးလည်း မပစ်ပါဘူး၊ ဒီလိုလည်း ပြောမိကြလား. . . (ပြောမိပါတယ်ဘုရား) ဟာ မုသားများ ဖြစ်နေကြပါ့မယ်။

## ငါးစာမျှိစတုန်းကပြောတာ

ကိုင်း ဒကာ ဒကာမတို့ ခင်ဗျားတို့ ဖြစ်စဉ်ကဖြင့် ဆိုးလည်း မပစ်ဘူးဆိုတာက ဘယ်အချိန်မှာ ပြောတဲ့စကားတုံး လို့ မေးတဲ့အခါကျတော့၊ အိမ်ထောင်ဦးပြောတဲ့စကား ဟုတ်ပလား. . . (မှန်ပါ့)။

ငါးစာမျှိစတုန်းက ပြောတာ . . . (မျှိခါစက ပြောတာပါ ဘုရား) မျှိခါစက ပြောတာ . . . (မှန်ပါ့) မျှိခါစက ပြောတော့ ဆိုးလည်းမပစ်ပါဘူး၊ ကောင်းလည်း မပစ်ပါဘူး ဟုတ်လား . . . (မှန်ပါ့)။

အဆိုး၊ အကောင်း ရောနေလည်း . . . (မပစ်ပါပါဘူး ဘုရား)။ မပစ်ပါဘူးဆိုတော့ သုခဝေဒနာနဲ့ နေလည်း မပစ်ပါဘူး . . . (မှန်ပါ့) ဒုက္ခဝေဒနာရောက်လည်း . . . (မပစ်ပါဘူး)။

ဥပေက္ခာဝေဒနာနဲ့ နေရလည်း . . . (မပစ်ပါဘူး ဘုရား) အဲ-အဲတော့ ဘုရားဆီမှာ ခင်ဗျားတို့ ဆုတောင်းတာ လည်း. . . (မနည်းပါဘူးဘုရား) လူကြီးစုံရာရှေ့ ပြောတဲ့ စကားက မဟုတ် ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

ဘုရားရှေ့ပြောတဲ့ စကားသည် တော်တော်ကြာဘုရား၊ ဘုရားကိုတော့ ကလန်ကဆန် လုပ်မယ်ဆို လုပ်နိုင်သေးတယ် . . . (မှန်လှပါဘုရား)။

လူကြီးစုံရာ ရှေ့မှာကျတော့ . . . (မလုပ်နိုင်ပါဘူး ဘုရား) မလုပ်နိုင်ဘူး၊ ဆိုးလည်း မပစ်ဘူး၊ ကောင်းလည်း မပစ်

ပါဘူး . . . (မှန်လှပါ) အဆိုးအကောင်း ရောနေရင်ကော . . . (မပစ်ပါဘူးဘုရား) မပစ်ပါဘူး။

ဘယ်ဝေဒနာကိုကြိုက်တာလည်း၊ ဝေဒနာသုံးခုလုံးကို တစ်ခါတည်း နှစ်သက်နေတယ် . . . (မှန်လှပါဘုရား)။

ဝေဒနာပစ္စယာ တဏှာ၊ ဆိုးလည်း မပစ်ပါဘူး၊ ဆိုးတာက ဒုက္ခဝေဒနာ၊ မပစ်ပါဘူးက တဏှာ၊ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဆိုးတာက ဘာဝေဒနာတုံး . . . (ဒုက္ခဝေဒနာပါ ဘုရား) မပစ်တာက . . . (တဏှာပါဘုရား) ဒုက္ခဝေဒနာ ပစ္စယာတဏှာ . . . (တဏှာပါဘုရား) မပစ်ဘူးတဲ့ . . . (မှန်ပါ့)

ဒကာသိုက် ဒီလိုများ ပြောမိသလား . . . (ပြောမိပါ တယ်ဘုရား) ဆိုးလည်း မပစ်ပါဘူးတဲ့ ဒကာ ဒကာမတို့ ဒုက္ခ ဝေဒနာ ပစ္စယာ ဘာတဲ့တုံး . . . (တဏှာပါဘုရား)။

## တဏှာကဘယ်တုန်းကစခဲ့သတုံး

အဲတော့ ခင်ဗျားတို့ ဝေဒနာ ပစ္စယာ တဏှာက ဘယ်တုန်းကစခဲ့ကြတုံး အိမ်ထောင်ဦးက စသည်ဒီဘဝမှာ၊ ဒီဘဝမှာ ဟုတ်ပလား . . . (မှန်လှပါဘုရား)။

ဝေဒနာပစ္စယာ တဏှာ၊ ဆိုးလည်း မပစ်ပါဘူး ဆိုသဖြင့် ဒုက္ခဝေဒနာ ပစ္စယာ ဘာတုံး. . . (တဏှာပါ ဘုရား)။

ကောင်းလည်း မပစ်ပါဘူးဆိုတော့ . . . (သုခဝေဒနာ ပါ ဘုရား) သုခဝေဒနာပစ္စယာ တဏှာ၊ အဆိုးအကောင်း ရောနေရင်ကော . . . (မပစ်ပါဘူးဘုရား)။

အလယ်အလတ်ပေါ့ဗျာ ဥပေက္ခာ အဲဒါကော ဒကာ ဒကာမတွေ ပစ်မှာလား . . . (မပစ်ပါဘူးဘုရား) အို ဥပေက္ခာ ဝေဒနာပစ္စယာ (တဏှာပါဘုရား) ရိပ်မိပလား. . . (ရိပ်မိ ပါတယ်ဘုရား။)

ကိုင်း. . . ဒါဖြင့် ခင်ဗျားတို့ ဝေဒနာသုံးမျိုးကဖြင့် တဏှာ သုံးမျိုးလာပြီ. . . (မှန်လှပါဘုရား) ဟုတ်ပလား။

မပစ်တာမှ တကယ်တမ်းပြောတာလား၊ ပျက်ကယ် ပျက်ကယ် ပြောတာ လား. . . (တကယ်တမ်းပြောတာပါ ဘုရား)။

မျက်နှာထဲမှာ ခင်ဗျားတို့သည်ကားလို့ဆိုရင် မူသေထား ပြောသလား၊ ခတ်ပြုံးပြုံး၊ ခတ်ရွှင်ရွှင် ပြောလေ့ရှိသလား. . . (ခတ်ပြုံးပြုံး ပြောလေ့ရှိပါတယ်ဘုရား)။

အင်း. . . သေသေချာချာကိုပဲ ခင်ဗျားတို့ ခတ်ပြုံးပြုံး ခတ်ရွှင်ရွှင် ပြောတယ်ဆိုလို့ရှိရင်ဖြင့် တဏှာပစ္စယာ ဘာတုံး . . . (ဥပါဒါန်ပါဘုရား)။

## တဏှာပစ္စယာဥပါဒါန်

ဥပါဒါန်ဆိုတာ မလာသေးဘူးလား . . . (လာပါတယ်ဘုရား)။ ကိုင်း ဒကာဒကာမတို့ သုခဝေဒနာကြောင့်လည်း ဥပါဒါန်လာတာပဲ (လာပါတယ်ဘုရား)။

ဒုက္ခဝေဒနာကြောင့်ကော . . . (ဥပါဒါန်လာပါတယ်ဘုရား) ဥပေက္ခာဝေဒနာကြောင့်ကော . . . (ဥပါဒါန်လာပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် မပစ်ဘူးဆိုတဲ့ သဘောသည် ခင်ဗျားတို့သည် တကယ်တမ်းပြောတာနော် . . . (မှန်ပါဘုရား) တကယ်တမ်းပြောတာ တကယ်တမ်းပြောတာ . . . (မှန်လှပါ)။

ကျုပ် ပျက်ကယ်၊ ပျက်ကယ်များ မထင်လိုက်ပါနဲ့ဆိုတာ မယုံယုံအောင်ကို မနည်းပြောရသေးတယ်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အေး ဒါကြောင့် ဒကာဒကာမတို့ ဝေဒနာပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါန်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## ဥပါဒါနပစ္စယာကမ္မဘဝေါ

ကိုင်း ဥပါဒါနပစ္စယာ ဘာတဲ့ . . . (ဘဝေါ) ဘဝေါဆိုတာ ဒကာဒကာမတွေ ရှုပ်မှာသိပ်စိုးရိမ်တယ် . . . (မှန်ပါ)။

ဘဝဆိုတာ ခင်ဗျားတို့က နောင်ဘဝသွားယူလိမ့်မယ် . . . (မှန်ပါ့) မဟုတ်ဘူးတဲ့ ကမ္ဘာဝ။ ကမ္ဘာဝဆိုတာ တစ်ခါတည်း စွဲလမ်းတဲ့ ဥပါဒါန်လာပြီဆိုမှဖြင့် ကာယကံလည်း ကျုပ်အပါယ်ရောက်အောင် ကာယကံနဲ့ထမ်းပို့ ရွှေ့ပါမယ် . . . (မှန်လှပါဘုရား)။

ဟော ကာယကံလာပြီ . . . (မှန်ပါဘုရား) ဝစီကံနဲ့လည်း လိမ်၍ဖြစ်စေရိုးရိုးဖြစ်စေ ဝစီကံ ပြောပြောဆိုဆိုနဲ့ပဲ ကျုပ်ကျွေးပါ့မယ် မွေးပါ့မယ် . . . (မှန်လှပါ)။

ဝစီကံနဲ့ကော . . . (လာပါတယ်ဘုရား) မနောကံကကော ကျုပ်ဒီကအကြံအစည် ရှိပါတယ်ဗျာ၊ ကျွေးဖို့မွေးဖို့ကို အဆင်သင့်ပါပဲ၊ အကြံအစည် ဝမ်းထဲမှာ မဆိတ်ပါဘူး . . . (မှန်ပါ့)။

မနောကံကောပါရဲ့လား . . . (ပါပါတယ်ဘုရား)။ ဒါဖြင့်အဲဒါ ကာယကံ၊ ဝစီကံနဲ့ ခုနကဆိုးမပစ်ဘူး၊ ကောင်းမပစ်ဘူး၊ အဆိုးအကောင်းရောနေလည်း မပစ်ပါဘူးဆိုတဲ့ ဥစ္စာကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ကျုပ်အကုန်လုပ်ကိုင်ကျွေးပါ့မယ်ဆိုတာ ပါရဲ့လား . . . (ပါပါတယ်ဘုရား)။

## ကာယကံ၊ ဝစီကံ၊ မနောကံ

အဲဒါကြောင့် ဥပါဒါနပစ္စယာ ဘာဆိုကြမတုံး . . . (ဘဝေါပါဘုရား) ဘဝေါ ကာယကံဘဝေါ၊ ဝစီကံဘဝေါ၊

မနောက် . . . (ဘဝေါပါဘုရား) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ခုခင်ဗျားတို့ ကာယကံနဲ့ ကိုယ်နဲ့သွားပြီး ရှာကြံကျွေးကြ . . . (မှန်ပါ့) ပြောဆိုပြီးသကာလ ပါးစပ်နဲ့ အသက်မွေးပြီး ကျွေးကြ . . . (မှန်ပါ)။

မနောကံကလည်း ကြံလုံးစည်လုံးနဲ့ ဟုတ်လား လုပ်ကိုင်ပြီး ကျွေးကြတော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲဒါခင်ဗျားတို့ ဘာဖြစ်တယ်ထင်တုံး ဥပါဒါနပစ္စယာ ဘယ့်နှယ်ဆိုကြမတုံး . . . (ဘဝေါပါဘုရား) အဲ ဒကာသိုက်ရေ ပဋိစ္စသမုပ္ပါဒ် ဘယ်လောက်ဆက်သွားတယ်ဆိုတာ ပေါ်လာကြပလား . . . (ပေါ်လာပါတယ်ဘုရား)။

ကိုင်း ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီမျှလောက်ဆိုရင် ခင်ဗျားတို့သည် သံသရာကြီး လည်တော့မယ်ဆိုတာသည် ပေါ်လာကြပလား . . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာပြီ၊ ဝေဒနာပစ္စယာက ဘာတဲ့ . . . (တဏှာပါဘုရား) ဆိုးပါစေ၊ ကောင်းပါစေ၊ မပစ်တာမှ ဒကာဒကာမတို့ အပဟုတ်တမ်းလား၊ တကယ်တမ်းလားလို့ မေးလိုက်တယ် . . . (တကယ်တမ်းပါဘုရား)။

တကယ်တမ်းဆိုတော့ ဥပါဒါန် . . . (မှန်ပါ့ဘုရား) တဏှာပစ္စယာ ဘာဆိုကြမယ် . . . (ဥပါဒါန်ပါဘုရား) အေးသာမညလား ဒကာသိုက်ရ . . . (မဟုတ်ပါဘူးဘုရား)။

မပစ်ပါဘူး ဆိုတဲ့စကားသည် လျှာဖျားတင်ပြောတာလား လှိုက်လှိုက်လှဲလှဲလား . . . (လှိုက်လှိုက်လှဲလှဲပါဘုရား)။

## လှိုက်လှိုက်လှဲလှဲကဥပါဒါန်

အေး လှိုက်လှိုက်လှဲလှဲက ဥပါဒါန် ရိပ်မပလား . . . (ရိပ်မိပါတယ်ဘုရား) လှိုက်လှိုက်လှဲလှဲဆိုတာက ဘာပါလိမ့် . . . (ဥပါဒါန်ပါဘုရား) မပစ်ပါဘူးဆိုတာက တဏှာ၊ လှိုက်လှိုက်လှဲလှဲက ဥပါဒါန်။

လှိုက်လှိုက်လှဲလှဲ မဟုတ်တယ် ဟုတ်တယ် ရှာကြံကျွေးတာကြည့် . . . (မှန်လှပါ) ကာယကံနဲ့ကော . . . (ကျွေးပါတယ်ဘုရား)။ ဝစီကံနဲ့ကော . . . (ကျွေးပါတယ်ဘုရား) မနောကံနဲ့ကော . . . (ကျွေးပါတယ်ဘုရား)။

အဲဒါက ဥပါဒါနပစ္စယာ ဘာတုံး . . . (ဘဝေါပါဘုရား) သေချာလာပြီ ခင်ဗျားတို့ . . . (မှန်ပါဘုရား) သေချာလာပြီ ဒကာဒကာမတို့ (မှန်ပါဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်ကဖြင့် သေချာ ဆက်မိပြီ . . . (ဆက်မိပါပြီဘုရား) အဲတော့ ဘယ်နှယ့်နည်းနဲ့ ဖြတ်ကြမလဲ။

ဒီတိုင်းဖြင့် ခက်ရချည်ရဲ့ ဒကာဒကာမတို့ အလုပ်စဉ်ကတော့ဖြင့် ဘုန်းကြီးပြောတာနဲ့ ခင်ဗျားတို့ ဖြစ်စဉ်နဲ့ဟာ တစ်ထပ်တည်းပါ . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ ဖြစ်စဉ်နဲ့ တစ်ထပ်တည်း နေပလား . . . (နေပါတယ်ဘုရား) အေးတစ်ထပ်တည်းနေပြီ ကိုင်း ဒါဖြင့် ဒကာသိုက်ရေ သူ့ဟာတော့ ဆုံးအောင်သွားဦးမှ ကောင်းမှာ . . . ဘာတုံး ခင်ဗျားတို့ကလည်း ဒီအသွားကို တစ်ခါတည်း ခင်ဗျားတို့က ကိုယ်တိုင်လုပ်ထားတော့လည်း မရှောင်သာ မလွှဲသာတော့လည်း သွားလိုက်ကြဦးပေါ့ဗျာ . . . (မှန်ပါဘုရား) ဟုတ်ပလား . . . (မှန်လှပါဘုရား)။

မရှောင်သာ မလွှဲသာကိစ္စနဲ့ ကြုံလာတာကိုး ဟုတ်လား . . . (မှန်လှပါဘုရား) မရှောင်သာမလွှဲသာ ကိစ္စတွေက တရားနာတောင် မလာနိုင်တဲ့ ကိစ္စတွေက ရှိသေးတယ် . . . (ရှိပါတယ်ဘုရား)။

အဲဒီလိုကော ပဋိစ္စသမုပ္ပါဒ်နဲ့ မရှောင်သာမလွှဲသာတွေကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

## ဘဝပစ္စယာဇာတိ

ကဲ ဒကာသိုက်ရေ ဘဝပစ္စယာ . . . (ဇာတိပါဘုရား)။ အံမယ် မလှည့်နဲ့တော့ ဒကာသိုက်ရေ တော်လောက်ပြီ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဇာတိရောက်ပြီ၊ ဇာတိရောက်ပြီ ဒကာဒကာမတို့ . . . (မှန်လှပါ) ဘဝပစ္စယာ ဘာတဲ့တုံး . . . (ဇာတိပါဘုရား) ဟုတ်ပြီတဲ့။

ကာယကံနဲ့လည်း လုပ်မိပြီ . . . (မှန်လှပါ) ဝစီကံနဲ့လည်း ပြောဆိုမိပြီ၊ မနောကံနဲ့လည်း စားဖို့သောက်ဖို့ ကျေနပ်အောင်လုပ်မိပြီ . . . (လုပ်မိပါပြီဘုရား)။

လုပ်မိတဲ့အခါကျတော့ ဒီကံတွေဟာ ကမ္မဝိပါကဿကိုး ဘုရားက ကမ္မဝိပါကဿလို့ ဟောပြီ ဒကာဒကာမတို့ . . . (မှန်လှပါဘုရား)။

ကမ္မ=ကံသည်၊ ဝိပါကဿ= အကျိုးအား (ဝါ) ပဋိသန္ဓေအား၊ ဥပနိဿယပစ္စယေန= ဥပနိဿယပစ္စယ သတ္တိဖြင့်၊ ပစ္စယော=ကျေးဇူးပြုသည်၊ ဟောတိ=ဖြစ်၏ (မှန်လှပါဘုရား)။

အကုသလ် ကမ္မဝိပါကဿ၊ ကုသလ်ကမ္မ (ဝိပါကဿပါဘုရား) ဝိပါကဿ ချည့်ပဲ ဒကာဒကာမတို့ ခင်ဗျားတို့က ကံသုံးပါ စုံရဲ့လား . . . (စုံပါတယ်ဘုရား) အံမာ ဘုရားရှိခိုးသလိုပဲ ခင်ဗျားတို့က ဘုရားရှိခိုးတာ တစ်ခါတည်း ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ရှိခိုးပါ၏ . . . (မှန်လှပါ)။

ဟိုမှာကော ခင်ဗျားတို့ သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်တော့ကော ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လုပ်ပါ၏။ တယ်လဲရိုသေကြပါလား . . . (ရိုသေပါတယ်ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## ကံသုံးပါးနဲ့ဘုရားရှိခိုးတယ်

ဒကာသိုက်ရေ ဘုရားရှိခိုးတာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ဆိုတော့ ကြားကောင်းတယ်. . . (မှန်လှပါ) ခင်ဗျားတို့ လုပ်နေတာကော . . . (ကြားမကောင်းပါဘူးဘုရား)။

ကာယကံနဲ့ကော သွားလိုက်တာပဲ၊ ဝစီကံနဲ့ကောပြော လိုက်တာပဲ၊ မနောကံနဲ့ကော လှမ်းစိတ်ကူးသွားလိုက်သေးတယ် . . . (စိတ်ကူးပါတယ်ဘုရား)။

အဲဒီကံတွေ မလုပ်မိဘူးလား . . . (လုပ်မိပါတယ် ဘုရား) အဲတော့ ဒကာဒကာမတို့ ခင်ဗျားတို့ ဘုရားရှိခိုးတော့ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ရှိခိုးပါ၏ . . . (မှန်လှပါဘုရား)။

## အပါယ်မှလွတ်မြောက်ရပါလို၏

ရှိခိုးရသော အကြောင်းကြောင့် ရှိခိုးတဲ့ ဝစီကံအ ကြောင်း၊ မနောကံအကြောင်း၊ ကာယကံအကြောင်း တို့ကြောင့် အပါယ်လေးပါးမှ လွတ်မြောက်ရပါလို၏ . . . (မှန်လှပါ)။

ဟုတ်တာပေါ့ဗျ လွတ်နိုင်တာပဲ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ဘုရားရှိခိုး အပါယ်လေးပါးမှ လွတ်နိုင်တာပေါ့ . . . (မှန်လှပါ)။

## အပါယ်ကိုရောက်ရပါလို၏

သားရေး၊ သမီးရေး၊ စီပွားရေးကို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လုပ်တော့လုပ်တယ်၊ ဆုမတောင်းနဲ့ အပါယ်လေးပါးရောက်ရပါလို၏ . . . (မှန်ပါ) ပါရဲ့လား . . . (ပါပါတယ်ဘုရား)။

လုပ်လည်းလုပ်ချင်တယ် ဒီဘက်ကရောက်ရပါလို၏ မထည့်ပဲနဲ့ လုပ်မှာလား။

ဒကာ ဒကာမတို့ ဒီအသံမျိုးကျတော့ ခင်ဗျားတို့က အသံ တောင် မထွက်တော့ဘူး၊ အသံတောင်မထွက်တော့ဘူး ဘုရား ရှေ့ကျတော့ ကျယ်လိုက်တဲ့အာ . . . (မှန်လှပါဘုရား)။

ဟိုဟာကျတော့ တော်တော်ဟန်လုပ်လို့ ကောင်းနေတာကိုးဗျ . . . (မှန်လှပါ)။ ကာယကံ၊ ဝစီကံ၊မနောကံတို့ဖြင့် ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ဘုရားလို့ ဆိုတော့ အင်း . . . ကံသုံးပါးနဲ့ကို ရှိခိုးနေတာပေါ့၊ မည့်ဘူး လူကြားကောင်းတာကိုး . . . (လူကြားကောင်းတာပါဘုရား)။

ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ရှိခိုးပါ၏။ ဒကာသိုက် မဆိုဘူးလား . . . (ဆိုပါတယ်ဘုရား)။ အဲဒီ ရှိခိုးပြီးတဲ့ အခြားမဲ့၌ ဘာရချင်တုံး ခင်ဗျားတို့ အပါယ်လွတ်ရပါလို၏ . . . (မှန်ပါ့) ကပ်သုံးပါး ကျော်နင်းရပါလို၏ . . . (မှန်လှပါ)။

ပြည့်တယ် ဒကာဒကာမတို့ ဘာပြုလို့တုံး အသေအချာ ရှိခိုးပကောဗျ . . . (မှန်လှပါ) အသေအချာ ရှိခိုးတော့ အပါယ် လေးပါး . . . ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး လွတ် ရပါလို၏။ မလွတ်ပေဘူးလား . . . (လွတ်ပါတယ်ဘုရား)။

## နိဗ္ဗာန်သာမရောက်နိုင်တာ

လွတ်မယ်ထင်လို့လည်း ရှိခိုးကြပကောဗျာ . . . (မှန်လှပါဘုရား)။ လွတ်လည်း လွတ်ပါတယ်လို့လည်း ဘုရားက ဟောပါတယ် (မှန်လှပါဘုရား)။ နိဗ္ဗာန်သာ ခင်ဗျားတို့ မရောက် နိုင်တာပါ . . . (မှန်လှပါ)။

"ဗုဒ္ဓါနုဿတိ" ဖြစ်နေလို့ . . . (မှန်ပါ)။ ဟုတ်ပါလား နိဗ္ဗာန်သာ မရောက်နိုင်တာပါ။ "ဗုဒ္ဓါနုဿတိ" ဖြစ်နေလို့ . . . (မှန်ပါ)။

အဲဒါကျတော့ ခင်ဗျားတို့ အပါယ်လေးပါးမှ လွတ်ရပါလို ၏။ ရန်သူမျိုးငါးပါးမှ ကင်းရပါလို၏။ ဟုတ်လား မပြည့်သေးဘူး လား . . . (ပြည့်ပါတယ်ဘုရား)။

အေး အဲဒါပြည့်သလိုပဲ ဒကာဒကာမတို့ ကဲ ကာယ ကံနဲ့ သွားပြီး စီးပွားရှာတယ်၊ ဝစီကံနဲ့ ပြောဆိုကြတယ် . . . (မှန်ပါ) မနောကံနဲ့ကော ကြံစည်စိတ်ကူးလေးကော . . . (ရှိပါတယ်ဘုရား)။

## ဆုမတောင်းဘဲနဲ့ပြည့်တယ်

ဒီ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လုပ်တဲ့အလုပ်ကျလာတော့ ဆုတောင်းရသေးသလား မတောင်းဘဲနဲ့ ပြည့်မှာလား . . . (မတောင်းဘဲနဲ့ပြည့်မှာပါဘုရား)။

ကဲဒါဖြင့် ဘယ်လို ပြည့်မယ်ထင်တုံးဗျာ၊ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လုပ်ကြပြီ ဒကာသိုက်ရ . . . အပါယ်လေးပါး ကပ်သုံးပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးနဲ့ ပြည့်ရပါလို၏ . . . (မှန်လှပါ)။

ဟိုကျတော့လည်း ဒီအတိုင်းပဲသွားရမှာ . . . (မှန်လှပါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။ ဒကာဒကာမတွေ ငြင်းချင်သေးသလား. . . (မငြင်းချင်ပါဘူးဘုရား)။

လိုချင်တာတော့ တောင်းယူတယ် . . . (မှန်လှပါ) ဒီကိုယ်တိုင် လုပ်ထားတာတော့ မပြည့်ရတော့ဘူးလား . . . (ပြည့်ရမှာပါဘုရား) အဲတော့ ဘယ်ဟာက သေချာတုံး . . . (ကိုယ်တိုင်လုပ်တာက သေချာပါတယ်ဘုရား)။

## ပြည့်စုံရပါလို၏

ဟိုဆုတောင်းက သေချာချင်မှ သေချာမှာ တယ်စိတ်ချရတာ မဟုတ်ဘူး . . . ဟောဒါကတော့ လက်တွေ့ကိုယ်တိုင်

လုပ်ထားတော့ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ အနာ မျိုး (၉၆)ပါးတို့နဲ့ ပြည့်စုံရပါလို၏ . . . (မှန်လှပါဘုရား)။

ဘာတုံးဗျ ဒီဥစ္စာ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) သိပ်လည်း၊ မနာကြနဲ့ဗျ၊ မနာနဲ့ . . . (မနာပါဘူးဘုရား) နာလည်းရမှာပဲ . . . (မှန်လှပါ)။

စိတ်ထဲကတော့ ဘုန်းကြီးက ပြောလိုက်တာ ပြောလိုက်တာ၊ ပြောလိုက်တာလို့ ဆိုလိမ့်မယ် . . . (မှန်လှပါ) ကျုပ်ပြောတာနည်းနည်းလေးပဲ။

နည်းနည်းလေးပဲ၊ ခင်ဗျားတို့ တစ်နေ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်နှစ်ကြိမ်လာသတုံး သားရေး၊ သမီးရေး၊ စီးပွား ရေးနဲ့ ပတ်သက်ပြီးတော့ . . . (မရေမတွက်နိုင်ပါဘူးဘုရား)။

ခု ကျုပ်ပြောတာက တစ်ခါပဲရှိသေးတယ် ဟုတ်ပလား . . . ကျုပ်ပြောတာက တစ်ခါပဲ ရှိသေးတယ်၊ ခင်ဗျားတို့ ပြည့်စုံနေတာက (မရေမတွက်နိုင်ပါဘုရား)။

အဲဒါ ဘယ်က လက်သည်ရှာကြမတုံးဆိုတာ ဝေဒနာလာတာပေ့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဝေဒနာကလာတာ ဒကာ ဒကာမတို့ . . . (မှန်လှပါ) ဘယ်ကလာတာတုံး . . . (ဝေဒနာက လာတာပါဘုရား)။

## ဝေဒနာရေသောက်မြစ်ဖြတ်ပါ

ကိုင်း ဒါဖြင့် ဒီသစ်ပင်ကြီး ဘယ်လောက်စည်ချင်၊ ကားချင်ကြသတုံး၊ ဝေဒနာ ရေသောက်မြစ် ဖြတ်လိုက်လို့ ရှိရင်ဖြင့် ဒကာသိုက်ရေ မငြိမ်းပေဘူးလား . . . (ငြိမ်းပါတယ်ဘုရား)။

ငြိမ်းမယ်၊ ငြိမ်းမယ် ဒကာ ဒကာမတို့ ဝေဒနာ ရေသောက်မြစ်သာ ဖြတ်ပါ၊ ငြိမ်းပါတယ် . . . (မှန်ပါ) မငြိမ်းမရှိဘူး။

ကဲဒါဖြင့် ဒကာ ဒကာမတို့မကောင်းကြောင်း ကောင်းကောင်း သိပလား . . . (သိပါပြီဘုရား)။

ဝေဒနာသည်ကားလို့ဆိုရင် ဒကာ ဒကာမတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံကနေပြီး ဟိုဆုတောင်းပြည့်တွေ အကုန်မလာဘူးလား . . . (လာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ လာလတ္တံ့ ဘေးသည်ကားလို့ဆိုရင် ပြေးသာမတွေ့လိုက်ပါနဲ့၊ အစက ဖြတ်လိုက်ပါ ရပါသေးတယ် . . . (မှန်ပါ)။

ဒကာသိုက်ရေ ဖြတ်လိုက်ရင် မရပေဘူးလား . . . (ရပါတယ်ဘုရား) ရသေးတယ် ရသေးတယ်။

ဘယ်ကနေဖြတ်ကြမတုံး ဝေဒနာနုပဿနာကနေဖြတ်ဗျာ . . . (မှန်လှပါ)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဝေဒနာနုပဿနာနဲ့ဖြတ်ပါ

ဘယ်ကနေဖြတ်မှာတုံး . . . (ဝေဒနာနုပဿနာက နေဖြတ်ရမှာပါဘုရား)။

ဝေဒနာနုပဿနာကနေ ဖြတ်လိုက်လို့ရှိရင် ဝေဒနာနိရောဓ ဖြစ်မှာပေ့ါဗျာ . . . (မှန်လှပါ) တဏှာနိရောဓ ဖြစ်မှာပေ့ါ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အေး ဒါကြောင့် အားကိုးရာလေးတော့ဖြင့် တွေ့တော့ တွေ့ပြီ (မှန်ပါဘုရား) တွေ့တော့တွေ့ပြီ ဒကာ ဒကာမတို့ အားကိုးရာလေးတော့ ထင်ရှားတွေ့ပြီ . . . (မှန်ပါ)။

အားကိုးရာရှာတုန်း ခင်ဗျားတို့ တွေ့ရုံလေး တွေ့ပြီး သကာလ၊ အားကိုးလောက်တဲ့ အလုပ်ကို မလုပ်ပြန်လည်း ဦးလှဘူးတို့ ဒကာသိုက်တို့ အလကားပဲ . . . (မှန်ပါ)။

အလုပ်မလုပ်ရင် အလကားပဲ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ) တကယ်လုပ်ကြမှာလား . . . (လုပ်မှာပါဘုရား)။

## အဟောသိကံဖြစ်အောင်လုပ်ပါ

အဲ. . အဲဒီတော့ ခင်ဗျားတို့ ခင်ဗျားတို့ ဆုတောင်း ပြည့်ထား တာတွေနည်းတာတွေမဟုတ်ဘူး၊ အဲဒါတွေအကုန် အဟောသိ ကံဖြစ်အောင်လုပ်ရမှာ . . . (မှန်လှပါဘုရား) ဟုတ်ပြီလား။

အဲဒါတွေ အဟောသိကံဖြစ်တော့မယ်ဆိုရင်ဖြင့်ဗျာ အကျေနပ်ကြီးကျေနပ်ပြီး လုပ်ဖို့ကောင်းတယ်၊ မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ သစ္စာသိအောင်လုပ်ပါဆိုတာ သစ္စာနဲ့ဖြတ်မှ ပြတ်မှာနော် . . . (မှန်ပါဘုရား)။ ဒီပြင်နည်းနဲ့ ဖြတ်ဖို့ဆိုတာ မရပါဘူး။

ဒီပြင်နည်းနဲ့ ဘယ်နည်းနဲ့မှ ဖြတ်လို့ မရပါဘူး။ ဒကာ ဒကာမတို့ . . . (မှန်လှပါဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ စဉ်းစားကြစို့ . . . .

**ဗဟုံဝေသရဏံယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ**
**အာရာမရုက္ခစေတျာနိ၊ မနုဿာဘယတဇ္ဇိတာ**
**နေတံခေါသရဏံခေမံ၊ နေတံ သရဏမုတ္တမံ**
**နေတံသရဏမာဂမ္မ၊ သဗ္ဗဒုက္ခာပမုစ္စတိ**
**ယောစဗုဒ္ဓဥ္စ၊ ဓမ္မဥ္စ၊ သံဃဥ္စ၊ သရဏံဂတော**
**စတ္တာရိအရိယသစ္စာနိ၊ သမ္မပ္ပညာယပဿတိ။**

**သမ္မပ္ပညာယ-** ကောင်းသော ဉာဏ်ဖြင့် မှန်ကန်သော ပညာဖြင့်၊ **ပဿတိ-** ရှုရမယ်။

ဒါမှ ခင်ဗျားတို့ ခုနက ဇာတ်တွေသိမ်းမယ် . . . (မှန်လှ ပါဘုရား)။

## သစ္စာလေးပါးသိမှနေရာကျမယ်

စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယပဿတိ သစ္စာလေးပါး သိမှသာလျှင် ဒကာ ဒကာမတို့ နေရာကြမယ် . . . (မှန်လှပါဘုရား) အဲဒါ ဓမ္မပဒပါဠိတော်၊ စတ္တာရိအရိယသစ္စာနိ၊ သမ္မပ္ပညာယပဿတိ၊ တော်ခေါ် သရဏံခေမံ၊ ဒါမှ နိဗ္ဗာန်ရမှာပေါ့ . . . (မှန်လှပါ)။

တော်=ဤတရားသည်၊ ခေမံ= နိဗ္ဗာန်ဆိုတဲ့အရပ်သို့ ရောက်ကြောင်းတည်း . . . (မှန်လှပါဘုရား)။

တော်သရဏံမုတ္တံမံ=ဤတရားအား သစ္စာလေးပါး ပေါ်လာတဲ့အလုပ်ဟာ အမြတ်ဆုံးပဲ. . . (မှန်လှပါ)။

## သစ္စာလေးပါးအလုပ်လုပ်ပါ

တော်သရဏမာဂမ္မ= ဤသစ္စာလေးပါး အလုပ်ကို လုပ်မှသာလျှင်၊ သဗ္ဗဒုက္ခာ ပမုစ္စတိ= အလုံးစုံဒုက္ခတွေ လွတ်မယ် . . . (မှန်လှပါ)

မင်းတို့ ကာယကံ၊ ဝစီကံနဲ့ လုပ်တာ ဒါအကုန် အဟောသိကံ ဖြစ်မယ်ကွ (၁) လုပ်နေကြလည်း အဟောသိကံပဲကွ၊ နောက်ကပါတာတွေကော . . . (အဟောသိကံပါဘုရား)။

အဲဒီတော့ စတ္တာရိအရိယ သစ္စာနိ - သမ္မပ္ပညာယ ပဿတိ၊ တော်ခေါ်သရဏ်ခေမံ ဒါတွေ ကိုယ်ကို ချဉ်းကပ်မှု၊ ကိုယ်သစ္စာလေးပါး တရားကိုသာလျှင် ချဉ်းကပ်မှုသာလျှင် နေရာကျမယ်။

တော်သရဏမုတ္တမံ - ဒီဟာတွေ ကိုးကွယ်ဆည်းကပ်လို့ ရှိလျှင်လည်း အမြတ်ဆုံးပဲ . . . (မှန်ပါ့)။

တော်သရဏမာဂမ္မ၊ တော် = သစ္စာလေးပါး တရားကို၊ အာဂမ္မ = အကြောင်းပြု၍၊ သဗ္ဗဒုက္ခာပမုစ္စတိ = အလုံးစုံဒုက္ခမှ လွတ်မကွတဲ့ . . . (မှန်ပါ့)။

ကဲ အဂ္ဂိဒတ္တ ဟောတဲ့ ဂါထာပါပဲဗျာ . . . (မှန်လှပါ ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

"စတ္တာရိအရိယသစ္စာနိ သမ္မပညာယ ပဿတိ" အရိယာ သစ္စာဟူသော မှန်ကန်သော အသိပေးစမ်းပါကွာ ဟုတ်လား . . . (မှန်ပါ့)။

တော်ခေါ် သရဏ် ခေမံ သေချာ နိဗ္ဗာန်ရောက်တယ်လို့ ငါဘုရား တာဝန်ယူတယ်တဲ့ . . . (မှန်ပါ့)။

## သစ္စာလေးပါးဟာအမြတ်ဆုံး

တရားတွေထဲမှာလည်း တော်သရဏမုတ္တမံ သစ္စာ လေးပါးဟာ အမြတ်ဆုံးပဲကွာ . . . (မှန်ပါ့)။

ကြည့်စမ်းပါလားဗျ၊ ဟို ဓမ္မပဒမှာ - **မဂ္ဂါနံ အဋ္ဌင်္ဂိကော သေဋ္ဌော** မဂ္ဂါနံ = ခရီးလမ်းကြောင်း ဟူသမျှတို့တွင်၊ အဋ္ဌင်္ဂိကော = အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်သည်၊ သေဋ္ဌော = အမြတ်ဆုံးကွတဲ့၊ ဟောမထားဘူးလား . . . (ဟောထားပါတယ်ဘုရား)။

အဲဒီ ငါ့အမြတ်ဆုံးတရားလို့ ဟောထားတယ်၊ စတ္တာရိ အရိယသစ္စာနိသမ္မပ္ပညာယပဿတိ ဆိုတဲ့ဥစ္စာလည်း ဒီသစ္စာပြောပြမယ် . . . (မှန်လှပါဘုရား)။

ကိုင်း. . . ဒကာ ဒကာမတွေ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား) ဒါဖြင့် ကျုပ်တို့ ဝေဒနာနုပဿနာကို သစ္စာ ဖြစ်အောင်လုပ်တတ်ရင်လုပ် . . . (မှန်ပါဘုရား)။

မလုပ်နိုင်လို့ရှိရင်လည်း ခုနက ဆုတောင်းပြည့်တွေ အကုန်လာလိမ့်မယ် . . . (မှန်လှပါ) မလာခဲ့ဘူးလား။

အဲဒါကြောင့် ဒကာ ဒကာမတွေ ဝေဒနာကို အဓိက ထား ဟောနေတယ် . . . (မှန်ပါ့) ဒီပြင်ဟာတွေ ဘုန်းကြီး အကုန်ပြော့မယ်ဆို ပြောတတ်တယ်။

သို့သော်လည်း ခင်ဗျားတို့ ဒါတစ်လုံးတည်း ကြိုးစားရင် အကုန်ပြီးမယ် ဆိုပြီးသကာလ မနေ့ကတောင် စိတ္တာနုပဿနာ ပြောသေးတယ်. . . (မှန်ပါ့)။

## ကမ္မဋ္ဌာန်းရှာခန္ဓာကြည့်

သို့သော်လည်း ဒီနေ့က လူများတဲ့နေ့၊ ဒကာ ဒကာမ တွေလည်း အားလုံး ဝေဒနာပဲ ဂရုစိုက်ပြီးသကာလ ကြိုးစား ရအောင်လို့ ဒကာသိုက်ရ . . . (မှန်လှပါ)။

အရေးတကြီး ပြောပြတယ်နော်၊ ကိုင်း ဒကာ ဒကာမ တို့ ကမ္မဋ္ဌာန်းရှာ ခန္ဓာကြည့်လို့ မှတ်ကြစို့ ဒကာသိုက်ပြောတာ (မှန်ပါ့)။

## မအားတာကဒုက္ခဝေဒနာ

မအားတာက ဒုက္ခဝေဒနာပြောတာ. . . ဟုတ်လား၊ မအားတာ ဘာဝေဒနာ. . . (ဒုက္ခဝေဒနာပါဘုရား) မအား တာ ဒုက္ခဝေဒနာလို့ရှိရင် ဒကာ ဒကာမတို့ မအားတာ မအားတဲ့နေရာ ရှုလိုက်ရုံပေါ့ဗျာ . . . (မှန်လှပါဘုရား)။

မအားတာ ဒုက္ခဝေဒနာ . . . (မှန်လှပါ) မိတ်ဆွေ သင်္ဂဟတွေနဲ့ အပျော်လွန်သွားတာနဲ့၊ ယနေ့တော့ဖြင့် ဝိပဿနာ မရှုလိုက်ရတော့ဘူးဆိုတော့ ပျော်တာဘာ ဝေဒနာ . . . (သုခဝေဒနာပါဘုရား)။

အဲဒါ ရှုလိုက်လို့ရှိရင်လည်း ပျော်လည်းပျော်ရတာပဲ၊ ဝိပဿနာ ဉာဏ်လည်း ဆိုက်ပါတယ်. . . (မှန်လှပါဘုရား) ဟုတ်လား။

ကျုပ်တော့ ဒီနေ့ နေမကောင်းဘူး၊ နေမကောင်းရင် ကာယိက ဒုက္ခပေါ့ အဲဒါ ရှုပါလား။

နေမကောင်းတော့ စိတ်ကဘယ့်နှယ်ဖြစ်တယ်မသိဘူး၊ အဲဒါ စေတသိက ဒုက္ခ၊ ဒုက္ခဝေဒနာရှုပါ . . . (မှန်ပါဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ သဘောကျလား . . . (ကျပါတယ်ဘုရား) ဒုက္ခဝေဒနာရှုချင်ရင် မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

ဘယ်က နေမကောင်းတုံး စမ်းကြည့်ပါ့လား၊ ကိုယ်ပါ နေမကောင်းဘူး ပူနေတာ မြင်သားပဲ၊ အဲဒါ ဒုက္ခဝေဒနာရှုပေး . . . (မှန်လှပါ) ဟုတ်လား။

## ဒုက္ခဝေဒနာဖြစ်ပျက်ရှု

စိတ်ထဲက ဘယ့်နှယ်နေတုံး၊ စိတ်ကိုပျက်နေတာပဲ၊ ပျက်သွားတဲ့ စိတ်ကဘာလဲ. . . (ဒုက္ခဝေဒနာပါဘုရား)။

အဲဒါ ဘာလုပ်မလဲ . . . (ဖြစ်ပျက်ရှုပေးရမှာပါဘုရား) အာ. . . စိတ်တွေ မထိမ်းနိုင်အောင် ဖြစ်နေတယ်၊ ဒီနေ့ ဝိပဿနာအလုပ် လုပ်ရမလား၊ မလုပ်ရဘူးလား ကျုပ်ဖြင့် စိတ်ထဲ ကို ဝေဖန်လို့ မရဘူး။

အဲဒါ ဥပေက္ခာဝေဒနာ ဝိစိကိစ္ဆာဆိုတာ ဥပေက္ခာဝေဒနာ . . . (မှန်ပါ့) ကျုပ် ဒီနေ့ ဝိပဿနာ လုပ်ရတော့မလား၊ မလုပ်ရပဲနေရ တော်မလား. . . ။

စိတ်ထဲ ခန္ဓာကိုယ်ကလည်း နေရာမကျတာနဲ့ ဒွိဟဖြစ်နေတယ်. . . (မှန်ပါ့) အဲဒါဒွိဟလေးကြည့်စမ်းပါ (မှန်လှပါဘုရား)။

## ဒွိဟက၊ ဘာဝေဒနာတုံး

ဒွိဟက ဘာဝေဒနာတုံး . . . (ဥပေက္ခာဝေဒနာပါဘုရား) အံမလေး ရှုစရာတွေများတဲ့ဥစ္စာ ပါးစပ်ထဲ မရှုချင်ဘူးပြောတယ် . . . (မှန်လှပါ) ခက်လိုက်တဲ့ ဒကာ ဒကာမတွေမသိတာက လွန်နေပြီ . . . (လွန်နေပါပြီဘုရား)။

ကျုပ် ဒီနေ့ ဝိပဿနာရှုရတာ ဒီနေ့ အလုပ်ထိုင်ရတော်မလား၊ မထိုင်ရတော်မလား၊ ဘာဝေဒနာပါလိမ့် . . . (ဥပေက္ခာဝေဒနာပါဘုရား)။

အဲဒါ ဘာလုပ်ရမလဲ . . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ကျုပ်တော့ဗျာ ယနေ့တော့ဖြင့် စိတ်ကို ငြိမ်ငြိမ်ထားလို့မရဘူး၊ ဘယ့်နှယ်ဖြစ်လဲမသိဘူး၊ ဥဒ္ဓစ္စ။

## ဥပေက္ခာဝေဒနာဖြစ်ပျက်ရှု

ဒကာ ဒကာမတွေ စိတ်ကို ငြိမ်ငြိမ်ထားလို့ မရတာ ဘာပါလိမ့် . . . (ဥဒ္ဓစ္စပါဘုရား) ဘာဝေဒနာတုံး . . . (ဥပေက္ခာ ဝေဒနာပါဘုရား)။

ရှုပါလားဗျ ဥပေက္ခာဝေဒနာကြီး ပေါ်နေတဲ့ဥစ္စာ . . . (မှန်လှပါဘုရား)။

ဒီနေ့ပြောနေတာ ဂရုစိုက်ပါ၊ ဝေဒနာရှာတာ ဝေဒနာကို တွေ့အောင် ပြောနေတာ . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ အသုံးနှုန်းထဲမှာ ဝေဒနာ တွေ့ပါနေရဲ့သားနဲ့၊ မရှုတတ်လို့ ဝေဒနာရှာ ပေးနေတာပါ အခု. . . (မှန်လှပါဘုရား) ဝေဒနာရှာပေးနေတာပါ . . . (မှန်လှပါ)။

ဘုရားဟောတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ တွေ့ပါနေရဲ့သားနဲ့၊ မရှုတတ်လို့ ဝေဒနာရှာပေးနေတာပါ . . . (မှန်လှပါ)။

ဘုရားဟောတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဟောတာပဲ။

သို့သော် ခင်ဗျားတို့ စိတ်ထဲမှာ ဒီသုံးခုပဲဖြစ်တာပဲ . . . (မှန်ပါ့) သို့ရာတွင် ခင်ဗျားတို့ မသိတဲ့ အဓိပ္ပါယ်တွေက ကျန်ကျန်နေတယ်။

အဲဒါကြောင့် ဘုန်းကြီးများက ဖြည့်စွက်ပြီး သကာလ ဒါလည်း ဝေဒနာ၊ ဒါလည်းဝေဒနာ၊ ဒါလည်း ဝေဒနာဆိုပြီး သကာလ ဒကာသိုက်ရ လက်ညှိုးညွှန်ပေးနေရတယ် . . . (မှန်ပါ့ဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ပြန်ပြောရအောင် ပြန်ပြောရအောင် . . . (မှန်လှပါ)။

ယနေ့တော့ဖြင့် ကိုယ်နေမကောင်းတာနဲ့ ကိုယ်က နေမကောင်းတာနဲ့ ဝိပဿနာ မရှုနိုင်ဘူး . . . (မှန်လှပါ) ဘာဝေဒနာပေါ်လဲ . . . (ဒုက္ခ ဝေဒနာပေါ်တာပါဘုရား)။

ဒကာ ဒကာမတို့ ကိုယ်နေမကောင်းတာ ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါဘုရား) အဲဒါ ကိုယ့် သန္တာန်မှာ နေမကောင်းတာလည်း အသိသားဗျာ . . . (မှန်လှပါ)။

## ဖြစ်ပျက်ရှု

အဲဒါဗျာ နေမကောင်းတာသည်၊ ဖြစ်ပြီးပျက်တယ်ဆို တဲ့ ဉာဏ်လေးမှ နည်းနည်းမလိုက်နိုင်ဘူးလား . . . (လိုက်နိုင် ပါတယ်ဘုရား)။

နဂိုက မတွေ့ဘူးလို့ ရှိရင်လည်း မလိုက်ပါနဲ့ အခု ကိုယ်တိုင် ပြောနေတာ . . . (မှန်လှပါ)။

ကျုပ်ဖြင့် နေမကောင်းဖြစ်နေလို့ နေမကောင်း ဖြစ်နေတယ် ဆိုတာ ဘာဝေဒနာတုံး . . . (ဒုက္ခဝေဒနာပါ ဘုရား)

ဒကာ ဒကာမတွေ တွေ့သားပဲ. . . (တွေ့ပါတယ်) နေမကောင်း ဖြစ်နေတာ ဘာပါလိမ့်မတုံးလို့ မေးလိုက်စမ်း ပါလားဗျာ၊ ဘာလို့ ပြောမတုံး . . . (ဒုက္ခဝေဒနာလို့ပါဘုရား)။

ဒုက္ခဝေဒနာလို့ မပြောပေဘူးလား . . . (ပြောပါတယ်ဘုရား) အဲဒုက္ခဝေဒနာလို့ ပြောကတည်းကိုက ခင်ဗျားတို့ အဲဒီသူပြောတဲ့အချိန်မှာ မရှိတော့ဘူး . . . (မှန်ပါ့)။

ဒုက္ခဝေဒနာလို့ ပြန်တွေးတဲ့ အချိန်ကျတော့ ဒုက္ခဝေဒနာလေးရှိသေးရဲ့လား. . . (မရှိတော့ပါဘူးဘုရား)။

## ဒုက္ခဝေဒနာကဒုက္ခသစ္စာ

အဲ. . . ဒုက္ခဝေဒနာလေးမရှိတော့ ဒုက္ခသစ္စာလေးဖြစ်သွားတယ် (မှန်ပါ့) ဒုက္ခဝေဒနာက ဒုက္ခသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား) အဲဒီသစ္စာသိတာပေါ့ . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာသိတာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ဝေဒနာသိတာလား၊ သစ္စာသိတာလား . . . (သစ္စာသိတာပါဘုရား)။

အေး. . . ဒါဖြင့် စတ္တာရိအရိယသစ္စာနိ ကိုက်ပြီ. . . (မှန်ပါ့) စတ္တာရိအရိယသစ္စာနိ ကိုက်ပြီ၊ ဒကာ ဒကာမတို့ နေမကောင်းတာလေး ပြန်တွေးလိုက်လို့ရှိရင် နေမကောင်းတာလေးရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ကာယိက ဒုက္ခလေး ချုပ်ပျောက်သွားတယ် . . . (မှန်ပါ့) ချုပ်ပျောက်သွားတော့ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

**သိတာကမဂ္ဂသစ္စာ**

အဲ. ဒုက္ခသစ္စာ ဖြစ်သွားပြီလို့ မသိဘူးလား . . . (သိပါတယ်ဘုရား) အဲဒီကဲ့သို့ သိတာလေးက မဂ္ဂသစ္စာပါလား . . . (မှန်ပါ့) ဟုတ်ပလား. . ။

အဲတော့ ဒကာ ဒကာမတို့ ဆိုးလည်းမပစ်ပါဘူးဆိုတဲ့ တဏှာလာသေးသလား . . . (မလာပါဘူးဘုရား)။

ဟော. . . ဆိုးလည်း မပစ်ပါဘူးဆိုတဲ့ တဏှာသေသွားပြီ၊ ဘာကြောင့် ဆိုးလည်း မပစ်ပါဘူးဆိုတဲ့ တဏှာ၊ ဘာကြောင့် မလာပါလိမ့်မတုံးဆိုတော့၊ ဆိုး. . . ဆိုတာက ဒုက္ခဝေဒနာ ဟုတ်လား။

အခုတော့ အဆိုးဖြစ်နဲ့ တွေ့သေးလားတဲ့၊ ဒုက္ခသစ္စာ အဖြစ်နဲ့တွေ့တာလား. . . (ဒုက္ခသစ္စာအဖြစ်နဲ့တွေ့တာပါဘုရား)။

အဲ. . . ရှေးတုံးကတော့ ဆိုးလည်း မပစ်ပါဘူးဆိုတာ ဒုက္ခဝေဒနာကြည့်ပြောတဲ့စကား. . . (မှန်လှပါ) ခုတော့ ဒုက္ခဝေဒနာလေးက ဒကာ ဒကာမတို့ ဒုက္ခသစ္စာဖြစ်သွားပြီ. . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

**ယံကိဉ္စိသမုဒယဓမ္မံ၊ သဗ္ဗံတံနိရောဓမ္မံ** ဆိုတဲ့အတိုင်း ဒုက္ခသစ္စာဖြစ်သွားတယ်. . . (မှန်ပါ့)။

အဲဒီကဲ့သို့ ဒုက္ခသစ္စာ ဖြစ်သွားတဲ့ အခါကျတော့၊ ဆိုးမပစ်ပါဘူးဆိုတဲ့ တဏှာ လာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

ဆိုးတယ် မပစ်ပါဘူးဆိုတဲ့ တဏှာမလာဘူး၊ ဒုက္ခသစ္စာ မြင်တဲ့ပညာလာတယ်. . . (လာပါတယ်ဘုရား) မဂ္ဂသစ္စာ မလာဘူးလား . . . (လာပါတယ်ဘုရား)။

## တဏှာသေတယ်

အဲ. . . မဂ္ဂသစ္စာလာတော့ကို မပစ်ပါဘူးဆိုတဲ့ တဏှာ သေတယ်၊ မသေသေးဘူးလား. . . (သေပါတယ်ဘုရား) အဲဒါ တဏှာသေတယ်ဆိုလို့ ရှိရင်ဖြင့်တဲ့၊ တဏှာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ရာဂက္ခယောပဲ . . . (မှန်ပါ့)။

ရာဂဆိုတာလည်း ကုန်သွားတာပဲ. . . (မှန်ပါ့) သူအသေအချာ ကုန်တာပဲ မဟုတ်လား . . . (မှန်ပါဘုရား)။

အဲ . . . ရာဂက္ခယောဘာပါလိမ့်မတုံး ဆိုတော့ ရာဂက္ခယောနိဗ္ဗာန်ပေါ့ကွာ . . . (မှန်လှပါ) ဟုတ်လား။

## ရာဂကုန်ရင်နိဗ္ဗာန်

ရှင်သာရိပုတ္တရာက ဟောလိုက်တယ် . . . (မှန်ပါ့) ရာဂက္ခယောနိဗ္ဗာန်ပေါ့ကွာဆိုတော့ ဆိုးမပစ်တဲ့ တဏှာလေး သေကတည်းကိုက ရာဂ မကုန်သေးဘူးလား . . . (ကုန်ပါပြီ ဘုရား)။

ရာဂကုန်တာ ဘာခေါ်ကြမတုံး . . . (နိဗ္ဗာန်ပါဘုရား)၊ ရာဂကုန်ရင် နိဗ္ဗာန်ဆိုတာ ဘုရားကလည်းဟောရှင်သာရိ ပုတ္တရာကလည်းဟော . . . (မှန်ပါဘုရား)။

စုံမနေဘူးလား . . . (စုံနေပါတယ်ဘုရား) အဲတော့ခင်ဗျားတို့ ဒုက္ခဝေဒနာလေးကို ဖြစ်ပျက်တဲ့ ဒုက္ခသစ္စာရှုရင် စတ္တာရိအရိယသစ္စာနိ၊ သမ္မပ္ပညာယပဿတိ ဖြစ်တယ် . . . (မှန်ပါ့)။

သစ္စာလေးပါးကို တစ်ခါတည်း ပဿတိ ဖြစ်လာတယ်၊ မြင်ရတယ် . . . (မှန်ပါ့)။

စတ္တာရိအရိယသစ္စာနိသမ္မပ္ပညာယပဿတိဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။ သမ္မပ္ပညာယ = ရှုကြည့်တဲ့ဉာဏ်ဖြင့် ပဿတိ = လေးမဂ်စလုံးကို တစ်ခါတည်း ပေါ်လာ၏. . . (မှန်ပါ့)။

## သစ္စာလေးပါးတစ်ပြိုင်နက်ပေါ်တယ်

မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား) ဒီဒကာ ဒကာမတွေ ဖြစ်ပျက်က ဘာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

ဖြစ်ပျက်မြင်တာက . . . (မဂ္ဂသစ္စာပါဘုရား) သေတာက . . . (သမုဒယသစ္စာပါဘုရား) အေး. . . ပေါ်လာတာက

နိရောဓ သစ္စာပါဘုရား။ အဲဒါတစ်ပြိုင်တည်း မဟုတ်လား . . . (မှန်ပါ့)။

အဲ့ဒါကြောင့် စတ္တာရိ အရိယသစ္စာနိ သမ္မပ္ပညာယ ပဿတိဆိုတဲ့ အဓိပ္ပါယ် ပေါ်လာပလား . . . (ပေါ်ပါပြီဘုရား) အေး သစ္စာလေးပါ တစ်ပြိုင်နက်ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတွေ ဆိုးမပစ်ဘူးလို့ ပြောပြောသော်လည်း မပူပါနဲ့ . . . (မှန်လှပါဘုရား) ခု ဆိုးမပစ်ဘူးဆိုတာ ဆိုးတဲ့ ဝေဒနာကို ဘာလုပ်ရမတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဖြစ်ပျက်ဆိုတဲ့ ဒုက္ခသစ္စာမြင်အောင် ကြည့်ပစေ . . . (မှန်လှပါဘုရား) ဒုက္ခသစ္စာ မြင်အောင် ကြည့်ပေးလို့ရှိရင် ဝမ်းထဲမဂ္ဂသစ္စာပေါ် . . . (မှန်ပါ့)။

ပေါ်ရင် မပစ်ပါဘူးဆိုတဲ့ တဏှာက လာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘူးဘုရား) မလာနိုင်ရင် တဏှာသေပြီ . . . (မှန်ပါ့)။

## တဏှာသေရင်နိဗ္ဗာန်ရောက်ပြီ

တဏှာသေရင် နိဗ္ဗာန်ရောက်ပြီ၊ အဝိဇ္ဇာနဲ့ တဏှာသေတော့ အဝိဇ္ဇာနဲ့ တဏှာရှိမှ ဇာတိဆိုတဲ့ ပဋိသန္ဓေလာမှာကိုး . . . (မှန်ပါ့)။

အဲ့ဒါတွေ အကုန်မလွတ်ဘူးလား . . . (လွတ်ပါတယ် ဘုရား) အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီအလုပ်ကို သေသေ ချာချာ လုပ်လို့ရှိရင် သံသရာစခန်းသတ်ပြီးသကာလ နိဗ္ဗာန် ရောက်မယ်ဆိုတာ အသေအချာ မှတ်ပါ။

ကဲ ယနေ့ ဒီတွင်တော်ကြစို့။
သာဓု. . . သာဓု. . . သာဓု. . .။